# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ ကြာသပတေးနေ့ အတွဲ(၆၆)၊ အမှတ်(၀၂၂)






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၂၁

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖


ယနေ့ ဖတ်စရာ

ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ အပါအဝင် ဌာနဆိုင်ရာအဆောက်အဦများ ပြန်လည်ပြင်ဆင်တည်ဆောက်လျက်ရှိ — လွှတ်တော်ရေးရာ — စာ ၇

အရည်အသွေးဖြင့်ကျော်ကြား ကမ္ဘာ့အကောင်းဆုံး ဆန်ဆုရ မြန်မာ့ပေါ်ဆန်း — ဆောင်းပါး — စာ ၈


## ကျိုင်းတုံမြို့ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းမှ သင်တန်းသားများ စာအုပ်၊ စာစောင်များ ဖတ်ရှုနိုင်ရေး စီစဉ်ပေး

ကျိုင်းတုံ အောက်တိုဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးစခန်းမှ သင်တန်းသားများ အသိပညာဗဟုသုတများရရှိစေရန်အတွက် Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို ယနေ့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်ပေးထားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❑





## ပဲခူးမြို့၌ သီတင်းကျွတ်မီးထွန်းပွဲတော်အကြို ဖျော်ဖြေပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

ပဲခူး အောက်တိုဘာ ၂၁

ပဲခူးမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး ယာဉ်ရပ်နားဝင်းအတွင်း၌ သီတင်းကျွတ်မီးထွန်းပွဲတော်အကြို ဂီတအနုပညာ ဖျော်ဖြေပွဲကို ယမန်နေ့ညပိုင်းက ပထမည အဖြစ် စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပရာ ဖျော်ဖြေပွဲတွင် နာမည်ကျော် တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ဘုရားဖူးပြည်သူများနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်အားပေးခဲ့ကြောင်း သိရသည်။ **သက်ဖြိုးကြိုင်(ပြန်/ဆက်)**

## နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညိုအမြင့်ဆုံး အခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံမှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့်

စာမျက်နှာ ၅ ကော်လံ ၁ ✪



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဦးစွာ ဒုတိယသမ္မတ ဦးညိုစော၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့က (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်၍ဖွင့်လှစ်

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### ကပြတီးမှုတ်ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး အဖွဲ့ဝင်များအား ကျောင်းသူလေးများက ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ မျက်မှောက်ခေတ်တို့ကို ဖော်ညွှန်းပြသသည့် ဝတ်စားဆင်ယင်မှု အကအလှများဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အဖွဲ့ဝင်များက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားရိုးရာ အကအလှများဖြင့်လည်းကောင်း ကပြတီးမှုတ် ကြိုဆိုနှုတ်ဆက်ကြသည်။

**❖ မြန်မာ့အဆို၊ အက၊ အရေး၊ အတီး အနုပညာများ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ရှေးခေတ်လူမှုဘဝနှင့် ရိုးရာဓလေ့ထုံးတမ်းများသည် ပျူခေတ်၊ ပုဂံခေတ်ကစပြီး ကုန်းဘောင်ခေတ်တိုင်အောင် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အနုပညာအစဉ်အလာများကို တွေ့ရှိနိုင်မည်ဖြစ်**

**❖ ထိုသို့ အနုပညာအမွေအနှစ်များသည် အတိတ်ကာလကို ပြန်လည်တူးဖော်ပေးသည့်အရာများဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးရမည့် တန်ဖိုးရှိသည့် အမွေအနှစ်များလည်းဖြစ်**

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို စတင်ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “အလှဝေဖြာ မြန်မာ့ရိုးရာ” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးလက္ခဏာကို ဖော်ပြရာတွင် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်း၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် အနုပညာယဉ်ကျေးမှုတို့သည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ အနုပညာသည် လူသားများ၏ စိတ်ခံစားမှု၊ အတွေးအမြင်၊ လူမှုဘဝနှင့် တန်ဖိုးထားမှုများကိုဖော်ပြပေးနိုင်သကဲ့သို့ မျိုးဆက်တစ်ဆက်မှတစ်ဆက်ကို သမိုင်းအမွေအနှစ်များအဖြစ် လက်ဆင့်ကမ်းပေးရာတွင် အရေးပါသည့် ကြားခံတစ်ရပ်လည်းဖြစ်ကြောင်း။

### တန်ဖိုးရှိသည့် အမွေအနှစ်များလည်းဖြစ်

မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး အနုပညာများ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ရှေးခေတ်လူမှုဘဝနှင့် ရိုးရာဓလေ့ထုံးတမ်းများသည် ပျူခေတ်၊ ပုဂံခေတ်ကစပြီး ကုန်းဘောင်ခေတ်တိုင်အောင် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အနုပညာအစဉ်အလာများကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ အနုပညာအမွေအနှစ်များသည် အတိတ်ကာလကို ပြန်လည်တူးဖော်ပေးသည့်အရာများ ဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးရမည့် တန်ဖိုးရှိသည့် အမွေအနှစ်များလည်းဖြစ်ကြောင်း။

### အရေးပါသည့် အခန်းကဏ္ဍမှပါဝင်လာ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာ့ရိုးရာအနုပညာများကို စနစ်တကျထိန်းသိမ်းမြှင့်တင်ရေး၊ အနုပညာရှင်များ ဖော်ထုတ်ရေးနှင့် မျိုးဆက်သစ်လူငယ်များထံ အနုပညာအမွေအနှစ်များ လက်ဆင့်ကမ်းပေးရေးတို့အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်အထိ (၂၂) ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ပြိုင်ပွဲများရပ်နားခဲ့ရကြောင်း၊ ၂၀၂၂ ခုနှစ်ရောက်မှ (၂၃) ကြိမ်မြောက်ပြိုင်ပွဲကို ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ယခုအခါ ပြိုင်ပွဲများကို ဆက်လက်ကျင်းပလာခဲ့သည်မှာ ၂၀၂၆ ခုနှစ်တွင် (၂၇) ကြိမ်မြောက်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို မိမိတို့နိုင်ငံသူ နိုင်ငံသားများအားလုံး၏ရင်ထဲတွင် **“မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရေး၊**

*စာမျက်နှာ ၄ သို့*



ဒုတိယသမ္မတ ဦးညိုစော၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့က (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၃ မှ*

**မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး"** ဆိုသည့် မူဝါဒရည်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျင်းပသည့်ပြိုင်ပွဲများသည် ဆုရရှိရေးအတွက်သာမက မြန်မာ့ရိုးရာအနုပညာများ ရှင်သန်တည်တံ့ရေး၊ အရည်အချင်းရှိသည့် အနုပညာရှင်များ ပေါ်ထွန်းလာရေးနှင့် မျိုးဆက်သစ်လူငယ်များက မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလာစေရေးတို့အတွက် အရေးပါသည့် အစဉ်အလာတစ်ရပ်ဖြစ်သည်ကို အလေးအနက်ပြောကြားလိုကြောင်း။

**စနစ်တကျထိန်းသိမ်းမြှင့်တင်**

အဆို၊ အက၊ အရေး၊ အတီး အနုပညာကဏ္ဍလေးရပ်သည် သီးခြားစီအရေးပါသကဲ့သို့ အချင်းချင်းလည်း အပြန်အလှန်အထောက်အကူပြု ချိတ်ဆက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများကို စနစ်တကျထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် မြန်မာ့အနုပညာ၏ အနှစ်သာရနှင့်အရည်အသွေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီး အနုပညာပြိုင်ပွဲများ ကျင်းပပေးရခြင်း၏ အဓိကရည်ရွယ်ချက်သည် အနုပညာရှင်များအကြား အနိုင်အရှုံးဆုံးဖြတ်ပေးရန်မဟုတ်ကြောင်း၊ အနုပညာဘာသာရပ်များကို စနစ်တကျလေ့လာသင်ယူနိုင်သည့်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ အရည်အချင်းရှိသူများကို ဖော်ထုတ်မြှင့်တင်ရန်၊ အနုပညာအတွေ့အကြုံများ ဖလှယ်နိုင်ရန်နှင့် အနုပညာအဆင့်အတန်းပိုမိုမြင့်မားလာစေရန်ပင်ဖြစ်ကြောင်း။

**အတွေ့အကြုံများကို လက်ဆင့်ကမ်းပေး**

ပြိုင်ပွဲမှတစ်ဆင့် ပေါ်ထွက်လာမည့် အရည်အချင်းရှိသူများကို ဆက်လက်လေ့ကျင့်သင်ကြားပေးခြင်း၊ သင့်လျော်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် အနုပညာရှင်ကြီးများ၏ အတွေ့အကြုံများကို လက်ဆင့်ကမ်းပေးခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

အထူးသဖြင့် မျိုးဆက်သစ်များသည် ရိုးရာအနုပညာကို သမိုင်းနောက်ခံ၊ အဓိပ္ပာယ်နှင့် အနှစ်သာရများကို နားလည်သဘောပေါက်ရန်လိုအပ်ကြောင်း၊ ထိုသို့ နားလည်သဘောပေါက်မှသာ မိမိတို့၏ ဖန်တီးမှုများတွင် ရိုးရာတန်ဖိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် အနုပညာလက်ရာများကိုလည်း ဖန်တီးတင်ဆက်နိုင်မည်ဖြစ်ကြောင်း။

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာသောကြောင့် အနုပညာဖန်တီးမှု၊ မှတ်တမ်းတင်မှုနှင့် ဖြန့်ဝေမှုတို့အတွက် အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာကြောင်း၊ ယင်းအခွင့်အလမ်းများကို မှန်ကန်စွာအသုံးချနိုင်မည်ဆိုပါက မြန်မာ့အနုပညာကို လူငယ်များ ပိုမိုစိတ်ဝင်စားလာစေရန်နှင့် နိုင်ငံတကာပရိသတ်များအထိ မိတ်ဆက်ဖော်ပြနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ပညာရပ်ဆိုင်ရာအရည်အသွေးကို အစဉ်တစိုက်မြှင့်တင်ကြရန်နှင့် မြန်မာ့အနုပညာ၏ ထူးခြားသည့် အလှတရားများကို မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း။

**အနိုင်အရှုံးကို ဂုဏ်သိက္ခာရှိစွာလက်ခံ**

ယနေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အနုပညာရှင်တစ်ဦးချင်းစီအနေဖြင့် မိမိတို့၏ အရည်အချင်းကို အကောင်းဆုံး ဖော်ထုတ်တင်ဆက်ကြရန်၊ ကြိုးစားအားထုတ်မှုရှိကြရန်နှင့် စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန် တိုက်တွန်းလိုကြောင်း၊ ပြိုင်ပွဲဝင်အချင်းချင်း အပြန်အလှန်လေးစားကြရန်၊ အနိုင်အရှုံးကို ဂုဏ်သိက္ခာရှိစွာ လက်ခံကြရန်နှင့် အချင်းချင်း၏အားသာချက်များကို လေ့လာသင်ယူကြရန်လည်း တိုက်တွန်းလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပြိုင်ပွဲသည် အနုပညာစွမ်းရည်ကို စမ်းသပ်သည့်နေရာတစ်ခုသာမက ပညာရပ်ဆိုင်ရာ တိုးတက်မှုနှင့် အနုပညာအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးသည့် နေရာတစ်ခုလည်းဖြစ်လာမည်ဖြစ်ကြောင်း။

အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ အနေဖြင့်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အကဲဖြတ်စံနှုန်းများအတိုင်း မျှတပွင့်လင်းစွာ အကဲဖြတ်ပေးကြရန်၊ ပြိုင်ပွဲဝင်များ၏ အရည်အချင်းနှင့်ဖန်တီးမှုများကို ပညာရပ်ဆိုင်ရာရှုထောင့်မှ သုံးသပ်ပေးကြရန်နှင့် လိုအပ်သည့် အကြံပြုလမ်းညွှန်မှုများပေးကြရန်လည်း မှာကြားလိုကြောင်း။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များက တိုင်းရင်းသားရိုးရာ အက အလှများဖြင့် ကပြတီးမှုတ်ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**❖ ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာသောကြောင့် အနုပညာဖန်တီးမှု၊ မှတ်တမ်းတင်မှုနှင့် ဖြန့်ဝေမှုတို့အတွက် အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာ၊ ယင်းအခွင့်အလမ်းများကို မှန်ကန်စွာအသုံးချနိုင်မည်ဆိုပါက မြန်မာ့အနုပညာကို လူငယ်များ ပိုမိုစိတ်ဝင်စားလာစေရန်နှင့် နိုင်ငံတကာပရိသတ်များအထိ မိတ်ဆက်ဖော်ပြနိုင်ရန် အထောက်အကူပြုနိုင်မည် ပညာရပ်ဆိုင်ရာအရည်အသွေးကို အစဉ်တစိုက်မြှင့်တင်ကြရန်နှင့် မြန်မာ့အနုပညာ၏ ထူးခြားသည့်အလှတရားများက မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးကြရန် အလေးအနက်တိုက်တွန်းမှာကြားလို**




အနုပညာရှင်ဝန်ထမ်းများက (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "အလှဝေဖြာ မြန်မာ့ရိုးရာ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

# ချစ်ခြင်းခိုင်ကျည် ပွဲတော်ဆီ

❖ အောင်အတိတ်ရယ်နှင့်
အောင်နိမိတ် ရင်မှာစွဲပါလို့
အောင်စိတ် အစဉ်သာ ကဲလျှင်ဖြင့်
ဖွဲမထွိုင် ခိုင်မာပြည့်ရပေမပေါ့
အသိတူမျှ ထပ်ဖော်ကာ ညင်သာစကားတွေနဲ့
ဝိဓူရဇာတ်တော်မှာ ထင်စွာကြားရပေလိမ့်
မင်္ဂလာတရားနဲ့ ပြည့်စုံစွာ။
❖ ဆိုင်းအိုးစည် ဒိုးပတ် စွမ်းပကားငဲ့ပြင်
စန္ဒရားနဲ့ ရုပ်သေး
အရေးနဲ့ အဆိုစုံ
အမျိုးဂုဏ် မြင့်တင်တေးတွေလည်း
သီကြွေးကာ အားမာန်တက်
ကွက်စိပ်လည်းပါ။
❖ ရိုင်းပင်းအား တည်ထောင်ပြုခဲ့တဲ့
တိုင်းရင်းသား ညီနောင်ထုတို့ရဲ့
ပြည်ထောင်စု အလှဆင်ယင်တဲ့
မြန်မာ့သဘင် အသွင်တင့်လိုက်ပုံက
အလှတွင် အယဉ်ဆင့်
ဝင့်ကြွားဘွယ့် အနုပညာ
ရှုချင်စရာ အံ့မခန်း။
❖ အမှန်မယွင်း အဟောင်းဖွေရှာ
ဟန်လင်း တကောင်း အမွေပါ
သရေခေတ္တရာ ဆင့်ကာဖြိုးပါလို့
အခြေအမြစ်မှာ ဝင့်ကာ မညှိုးပါဘူး
တို့ရိုးရာအခိုင်အခံ့ပေမို့
ကြိုင်သန့် ထုံကြည်ဝင်းဝေလို့
နိုင်ငံ့ဂုဏ်ရည် လင်းစေဖို့
ချစ်ခြင်းပြိုင် အနိုင်နွဲကြမယ်
ပွဲတော်သို့လှမ်း။ ။

**(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်**

**မြင်းမူမောင်နိုင်မိုး**

*စာမျက်နှာ ၄ မှ*

မြန်မာ့ရိုးရာအနုပညာသည် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို ဖော်ပြပေးနေသည့် တန်ဖိုးရှိသည့် အမွေအနှစ်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ယနေ့မျိုးဆက်၏ တာဝန်ဖြစ်သကဲ့သို့ အနာဂတ်မျိုးဆက်များထံသို့ အရည်အသွေးပြည့်ဝစွာ လက်ဆင့်ကမ်းပေးခြင်းသည်လည်း မိမိတို့အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ရမည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ကြောင်း။

ထို့ကြောင့် အနုပညာရှင်များ၊ ဝါသနာရှင်များ လူငယ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးအနေဖြင့် မြန်မာ့ရိုးရာအနုပညာကို တန်ဖိုးထား ထိန်းသိမ်းကြရန်၊ အနုပညာဘာသာရပ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန်၊ မျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွန်းလာရေး ပူးပေါင်းဆောင်ရွက်ကြရန်နှင့် မြန်မာ့အနုပညာ၏ အရည်အသွေးကို အစဉ်တစိုက် မြှင့်တင်သွားကြရန် ထပ်လောင်းတိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ကျင်းပသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှတစ်ဆင့် ထူးချွန်ထက်မြက်သည့် အနုပညာရှင်များပေါ်ထွန်းလာပြီး မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များကို ပိုမိုထိန်းသိမ်းမြှင့်တင်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ပြိုင်ပွဲဝင်အားလုံးအနေဖြင့်လည်း မိမိတို့၏အနုပညာစွမ်းရည်များကိုအကောင်းဆုံးဖော်ထုတ်တင်ဆက်နိုင်ကြပြီး အောင်မြင်မှုများ ရရှိကြစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မြန်မာ့ရိုးရာအနုပညာနှင့် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အောင်မြင်မှုများ ရရှိကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပျက် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက်များဖြင့်ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်စုစုပေါင်း ၂၄၀၀ ကျော်ဖြင့် အောက်တိုဘာ ၂၉ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံး၊ သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံရုံး၊ သံရုံးယာယီတာဝန်ခံ မစ္စတာ အာလျက်ခ်ဟလူဘူး အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးကို နေပြည်တော်၌ ဖွင့်လှစ်ခြင်းကိစ္စ၊ နှစ်နိုင်ငံအကြား သဘောတူလက်မှတ်ရေးထိုးထားသည့် မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

❂ *ရှေ့ဖုံးမှ*

ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူရှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါရန် အကြံပြုထားပါသည်။ **မိုး/ဇလ**

❑ *ရှေ့ဖုံးမှ*

ထိုသို့ဆောင်ရွက်ပေးရာတွင် ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ)မှ မူးယစ်ဆေးဖြတ်ပြီးသူ သင်တန်းသားများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ဗဟုသုတများရရှိစေရန်နှင့် စာအုပ်၊ စာပေ အလွယ်တကူဖတ်ရှုနိုင်ရန် သုတ၊ ရသစာအုပ် ၁၅၀ ကို အခမဲ့ ကွင်းဆင်းငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ပဲခူးမြို့နယ် အိုးဘိုကျေးရွာအနီး AI နည်းပညာသုံး ခေတ်မီစိုက်ပျိုးရေး စပါးအထူးဇုန်အကောင်အထည်ဖော်မည်

**ပဲခူး အောက်တိုဘာ ၂၁**

ပဲခူးမြို့နယ် အိုးဘိုကျေးရွာအနီး AI နည်းပညာသုံး ခေတ်မီ စိုက်ပျိုးရေး စပါးအထူးဇုန် အကောင်အထည် ဖော်နိုင်ရေး အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စပါးအထူးဇုန် အကောင်အထည် ဖော်နိုင်ရေး အာကာသအေဂျင်စီက Lot Device များ တည်ဆောက်တပ်ဆင်မည့် နေရာကို ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့အတူ အိုးဘိုကျေးရွာအုပ်စု၌ ရေဆင်းပေါ်ဆန်း(၁) မိုးစပါးစံပြကွက် ရိတ်သိမ်းနေမှု၊ သနပ်ပင်မြို့နယ် ဖရဲကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မိုးစပါးအကွက် ကျယ်စံပြကွက် မိုးစပါး ဧက ၄၄၀ စုပေါင်းရိတ်သိမ်းနေမှု၊ သနပ်ပင်မြို့နယ်အတွင်း မိုးစပါး စိုက်ခင်းများ အောင်မြင်နေမှုနှင့် ရိတ်သိမ်းနေမှု၊ အနီးကိုက်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းနိုင်ဦး၏ မွေးမြူရေးခြံ၌ ရှေ့ဆန်းကြယ် ဥစားကြက်ကောင်ရေ ၁၂၅၀၀၀ မွေးမြူထားရှိမှု၊ ကဝမြို့နယ် ရွာသစ်ရပ်ကွက်၌ တန်ဖိုးမြှင့် ရေဆင်းပေါ်ဆန်း(၁) မျိုးစေ့ထုတ်စိုက်ခင်း ရိတ်သိမ်းနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် တွေ့ဆုံဆွေးနွေး

**မင့်စ် အောက်တိုဘာ ၂၁**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မင့်စ်မြို့ရှိ အောင်ပွဲခံရင်ပြင်(Victory Square)သို့ ရောက်ရှိကြရာ မင့်စ်မြို့အလုပ်အမှုဆောင် ကော်မတီ ဒုတိယဥက္ကဋ္ဌ Mr.Oleg Korzun နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက က အောင်ပွဲခံအထိမ်းအမှတ်ကျောက်တိုင် (The Victory Monument)၌ လွမ်းသူပန်းခွေချ အလေးပြုပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ မင့်စ်မြို့ရှိ အောင်ပွဲခံအထိမ်းအမှတ်ကျောက်တိုင် The Victory Monument သည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီကျူးကျော်သူများကို တွန်းလှန်တိုက်ခိုက်ရင်း ကျဆုံးခဲ့ရသည့် ဆိုဗီယက်တပ်မတော်သားများနှင့် ဘယ်လာရုစ် ပြောက်ကျားရဲဘော်များကို ရည်စူးပြီး ၁၉၅၄ ခုနှစ်တွင် တည်ဆောက်ခဲ့သော နိုင်ငံ၏ သမိုင်းဝင် အထင်ကရနေရာတစ်ခုဖြစ်ကြောင်း၊ အမြင့် ၃၈ မီတာရှိသည့် ၎င်းကျောက်တိုင် ခြေရင်းတွင် ကျဆုံးသူများကို အောက်မေ့သတိရသောအားဖြင့် “ထာဝရငြိမ်းချမ်းရေးမီးတောက်”ကို အမြဲမပြတ် ထွန်းညှိထားရှိကြောင်း၊ နိုင်ငံတကာသံတမန်များနှင့် နိုင်ငံ့ခေါင်းဆောင်များ လာရောက်ဂုဏ်ပြုအလေးပြုရာ နေရာတစ်ခုဖြစ်ကြောင်း သိရသည်။



ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်သို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် အထက်လွှတ်တော် တတိယထပ်ရှိ မီးလင်းဖိုခန်းမဆောင်၌ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး ပြီးခဲ့သည့် စက်တင်ဘာ ၂၂ ရက်တွင် သံတမန်ဆက်ဆံရေး ၂၇ နှစ် ပြည့်မြောက်ခဲ့ကာ ယင်းကာလအတွင်း နှစ်နိုင်ငံအပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုများကို အခိုင်အမာ တည်ဆောက်ထားနိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ အမြော်အမြင်ရှိမှု၊ ချစ်ကြည်ရင်းနှီးမှုများနှင့် အပြန်အလှန်ခရီးစဉ်များက နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေပြီး ကောင်းကျိုးစီးပွားကို တိုးပွားအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ ဘက်စုံကဏ္ဍစုံ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆ – ၂၀၂၈ ခုနှစ်)ကို ချမှတ်နိုင်ခဲ့ပြီး လွှတ်တော်များ၏ အခန်းကဏ္ဍ၊ လွှတ်တော်ကဏ္ဍ ချစ်ကြည်ရင်းနှီးရေးတွင် နှစ်နိုင်ငံဘက်စုံ မဟာမိတ် ပူးပေါင်းဆောင်ရွက်မှုကို လွှတ်တော်ပိုင်းမှ ပံ့ပိုးကူညီပေးရေး၊ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရေး၊ လွှတ်တော်ဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် အတွေ့အကြုံများ မျှဝေရေး၊ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ရေး၊ နိုင်ငံတကာလွှတ်တော်ဆိုင်ရာ အသိုက်အဝန်းတွင် နှစ်နိုင်ငံ အကျိုးအတွက် ပိုမိုနီးကပ်စွာ ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အထက်လွှတ်တော် ဒုတိယထပ်ရှိ သဘာပတိအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာကို ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးနှင့် အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာတို့က လက်မှတ်ရေးထိုးကြသည်။ **(ဓာတ်ပုံ)**

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် အစည်းအဝေးခန်းမကြီးနှင့် ပြတိုက်ပြပွဲတို့ကို ကြည့်ရှုလေ့လာပြီး ဂုဏ်ထူးဆောင်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မင့်စ်ထွန်စက်စက်ရုံနှင့် မော်တော်ကားစက်ရုံကိုလည်းကောင်း၊ First National Trade House ဈေးဝယ်စင်တာကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၄ / ၂၀၂၆ )**
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် )

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၈ – ၂ – ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၃/ ၂၀၂၆ )တွင် ဖော်ပြထားသည့် ကြည်း ၂၃၇၅၀ ဗိုလ်မှူးချုပ် အောင်အောင် နေရာတွင် ကြည်း ၂၇၉၅၅ ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း ကို အစားထိုးပြောင်းလဲလိုက်သည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ခုနစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၅ / ၂၀၂၆ )**
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ခုနစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁– ၂ – ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃၅ / ၂၀၂၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ခုနစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် –

**(က) ကယားပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၆၈၆၃<br>ဗိုလ်မှူးကြီး သန်းစိုးအောင် | အစား | ကြည်း ၃၃၄၃၇<br>ဗိုလ်မှူးကြီး နောင်လတ် |

**( ခ ) စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၄၉၉၃<br>ဗိုလ်မှူးကြီး ဝင်းတင်စိုး | အစား | ကြည်း ၃၁၅၇၄<br>ဗိုလ်မှူးကြီး မင်းသိန်း |

**( ဂ ) မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၂၄၀၅<br>ဗိုလ်မှူးကြီး မိုးမင်းသိန်း | အစား | ကြည်း ၃၁၈၂၃<br>ဗိုလ်မှူးကြီး နိုင်ဇင်ထွန်း |

**(ဃ) မွန်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၆၈၂၉<br>ဗိုလ်မှူးကြီး ကျော်စွာမြင့် | အစား | ကြည်း ၃၀၂၇၈<br>ဗိုလ်မှူးကြီး ရဲထွဋ် |

**( င ) ရခိုင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၅၇၇၅<br>ဗိုလ်မှူးကြီး ကျော်သူရ | အစား | ကြည်း ၃၁၆၈၂<br>ဗိုလ်မှူးကြီး ဇော်လင်းထွန်း |

**( စ ) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၁၈၉၇<br>ဗိုလ်မှူးကြီး ဝင်းတင့် | အစား | ကြည်း ၃၂၇၆၃<br>ဗိုလ်မှူးကြီး ကျော်ကျော်ဦး |

**(ဆ) ရှမ်းပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၄၉၇၀<br>ဗိုလ်မှူးကြီး စိန်ဝင်း | အစား | ကြည်း ၃၅၃၃၇<br>ဗိုလ်မှူးကြီး ကျော်မျိုးမင်းလတ် |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအပါအဝင် ဌာနဆိုင်ရာအဆောက်အဦများ ပြန်လည်ပြင်ဆင်တည်ဆောက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးပြုပြင်ပေးနိုင်ရေး၊ ဘောလုံးကွင်းများ တည်ဆောက်ပေးနိုင်ရေး၊ ပျက်စီးဆုံးရှုံးခဲ့သည့်မြို့ရွာများနှင့် ယာယီနေရပ်စွန့်ခွာသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ တရားမဝင်ဂိတ်ကြေးကောက်ခံနေမှုများ ပပျောက်အောင် ဆောင်ရွက်ပေးနိုင်ရေးနှင့် တရားဝင်ကျေးရွာများအဖြစ် သတ်မှတ်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ **မေးခွန်း ၇ ခု** မေးမြန်းဖြေကြားခြင်းနှင့် **အဆို ၁ ခု** တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရှိ နှစ်ထပ်အဆောက်အဦကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများအတွက် ရုံးပိုင်အဆောက်အဦများ ဆောက်လုပ်ခွင့်ရရှိရေးနှင့် ပြင်ဆင်ထိန်းသိမ်းခွင့်ရရှိရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဝေါမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်ရန် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ချမ်းမြသာစည်ရပ်ကွက် ကွင်းအမှတ် (၇၀၄-N) မြေကွက်အမှတ် ၁/A ကက - ၂၈ ဧရိယာ ၀ ဒသမ ၁၁၉ ဧကရှိ မြေပေါ်တွင် အလျား ၁၀၂ ပေ၊ အနံ ၂၆ ဒသမ ၅ ပေနှင့် အမြင့်ပေ ၂၀ ရှိသော သစ်သား-အုတ်ညှပ်၊ အုတ်ကြွပ်မိုး နှစ်ထပ်အဆောက်အဦဟောင်း တစ်လုံးကို ၂၀၂၃ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရရှိခဲ့ပါကြောင်း၊ ဝေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရရှိသည့် အဆောက်အဦဟောင်းကို ပြင်ဆင်ထိန်းသိမ်းရန် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦ ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေ ၆၇ သိန်း ၆ သောင်း ခွဲဝေပေးခဲ့ပြီး ပြင်ဆင်ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါ အဆောက်အဦ ထပ်မံပြင်ဆင်နိုင်ရေးအတွက်လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေ လျာထားတင်ပြတောင်းခံမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက အဆောက်အဦပြင်ဆင်နိုင်ရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုးမိုးဇော်၏ **သဲကုန်းမြို့နယ်ဘောလုံးကွင်းအား ပွဲကြည့်စင်နှင့် အဆင့်မီအားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) နတ်တလင်းခရိုင် သဲကုန်းမြို့နယ် အားကစားကွင်းသည် အမှတ်(၄)ရပ်ကွက်တွင် တည်ရှိပြီး စုစုပေါင်းမြေဧရိယာ ၅ ဒသမ ၉၇ ဧကရှိပြီး အဆိုပါ အားကစားကွင်းအား အားကစားရေးရာဝန်ကြီးဌာနပိုင်အမည်ဖြင့် အခမဲ့မြေလွှဲအမိန့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစားကွင်းအတွင်းတွင် ရုံးနှင့်နေအိမ်တွဲလျက်အဆောက်အဦ အလျား ပေ ၄၀၊ အနံပေ ၃၀ တစ်လုံးအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေမှ ကျပ် ၁၆ ဒသမ ၈ သန်းဖြင့် ဆောက်လုပ်ထားရှိပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သဲကုန်းမြို့နယ် ဘောလုံးကွင်းအတွင်း ပွဲကြည့်စင်တည်ဆောက်ပေးနိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ (အလျား ပေ ၁၅၀ x အနံ ပေ ၂၀) RC နှစ်ထပ် ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၉၀၀ အား



၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားထားရှိပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အဆင့်မီအားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ရေးအတွက် ကျန်ရှိသည့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား သင့်လျော်သော ဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **မော်ဘီမြို့နယ် အားကစားကွင်းအား ခရိုင်အားကစားကွင်းအဖြစ် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်အားကစားကွင်းအား ခရိုင်အဆင့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ကနဦးအနေဖြင့် မီတာ ၄၀၀ ပြေးလမ်း ကျောက်မှုန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လက်ရှိပြေးလမ်းတွင် ဘောလုံးကွင်းထက် နှစ်ပေခန့် နိမ့်ကျနေသဖြင့် ပြေးလမ်းအား Level မြှင့်တင်ခြင်း၊ အပြင်ရေနုတ်မြောင်းတည်ဆောက်ခြင်းနှင့် အပြင်ကတ်တုံးတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ် ၉၄၇ ဒသမ ၅၁၀ သန်းအား၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားထားရှိပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့်ကျန်ရှိသည့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား သင့်လျော်သော ဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့များအပါအဝင် အချို့မြို့ရွာများ၌ ပျက်စီးခဲ့ရသည့် ဆုံးရှုံးမှုနှင့်ပတ်သက်၍ မည်သို့ကုစားဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်နှင့် လားရှိုးမြို့နယ်များတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြည်သူလူထုနေအိမ်များ၊ သာသနိကအဆောက်အဦများ၊ ဌာနဆိုင်ရာ ရုံး/အဆောက်အဦအချို့ ပျက်စီးဆုံးရှုံးခဲ့ရပြီး ပြည်သူလူထုများ ယာယီနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဒေသခံပြည်သူများ၏ အိုးအိမ်အဆောက်အဦများ၊ သာသနိကအဆောက်အဦများ၊ တံတားများ ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ထောက်ပံ့ပေးအပ်ခဲ့ပါကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအပါအဝင် ဌာနဆိုင်ရာအဆောက်အဦများ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်းနှင့် ဆက်သွယ်ရေး တာဝါတိုင်များ၊ ဆက်သွယ်ရေး (ဖုန်း/အင်တာနက်) လိုင်းများ ကောင်းမွန်စွာ အသုံးပြုနိုင်ရေး ပြင်ဆင်ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်နှင့် လားရှိုးမြို့နယ်တို့တွင် ကျောင်းပေါင်း ၃၆၀ ကျော် ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံများ ဖွင့်လှစ်၍ ကုသပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ သာသနိကဆိုင်ရာအဆောက်အဦများနှင့် ဓာတ်အားလိုင်းများ၊ နိုင်ငံတော်အစိုးရမှ ကူညီထောက်ပံ့ပြုပြင်မှုများ ဆောင်ရွက်နေသည့်အပြင် တရားဥပဒေစိုးမိုးရေးအတွက်လည်းတပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး၏ **နေရပ်စွန့်ခွာသူများ၏ အခက်အခဲနှင့် ဆက်လက်ရပ်တည်နိုင်ရေးအပေါ် အစိုးရ၏အစီအစဉ်များ ထုတ်ဖော်ပြောကြားပေးရန် သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက နိုင်ငံတော်အစိုးရအနေဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများ လတ်တလောနေထိုင်စားသောက်ရေး အဆင်ပြေမှုရှိစေရန် ယာယီခိုလှုံရာစခန်းများ ဖွင့်လှစ်ပေးခြင်း၊ နေရပ်စွန့်ခွာပြည်သူများကို လစဉ်ငွေကြေးများ ထောက်ပံ့ပေးအပ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ဆန်၊ ဆီ၊ ဆား အစရှိသည့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ ယာယီခိုလှုံရာစခန်းများတွင် ခေတ္တခိုလှုံနေထိုင်စဉ်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ၏ သားသမီးများပညာသင်ကြားခွင့် ဆုံးရှုံးမှုမရှိစေရေးစီစဉ်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် နယ်မြေအေးချမ်းမှုရှိသည့်နေရာများတွင် ယာယီနေရပ် စွန့်ခွာပြည်သူများ မိမိနေထိုင်ရာ ဒေသသို့ ဘေးကင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရန် မိုင်းအန္တရာယ်ကင်းရှင်းရေးနှင့် နယ်မြေလုံခြုံရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက် ပေးခြင်း၊ တိုက်ပွဲများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များ ပြန်လည်တည်ဆောက်ရာတွင် လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်ခြင်း၊ တိုက်ပွဲများကြောင့် ပျောက်ဆုံး/ ပျက်စီးသွားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ပြန်လည် စိစစ်ထုတ်ပေးခြင်း၊ ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်ရပ်တည်နိုင်ရေးအတွက် အသက် မွေးဝမ်းကျောင်းသင်တန်းများတွင် ပညာသင်ယူနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တပ်မတော်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဝိုင်းဝန်းပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို နိုင်ငံပိုင်သတင်းဌာနများ၊ နေ့စဉ်ထုတ် သတင်းစာများတွင် အများပြည်သူသိရှိစေရန် ထုတ်လွှင့်ခြင်း၊ ရေးသားဖော်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၏ **မွန်ပြည်နယ်ရှိ စစ်ဆေးရေးဂိတ်များမှ တရားမဝင် ဂိတ်ကြေးကောက်ခံနေမှုပပျောက်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက မွန်ပြည်နယ်အတွင်းရှိ စစ်ဆေးရေးဂိတ်များတွင် နယ်မြေဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်မှုမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ကုန်စည်စီးဆင်းမှုအဟန့်အတားမဖြစ်စေရေး ငွေကြေးတောင်းခံမှုများ မရှိစေရေးနှင့် ပြည်သူများနှင့်ဆက်ဆံရာတွင် ယဉ်ကျေးပျူငှာစွာ ဆက်ဆံစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာများအလိုက် တာဝန်ရှိသူအဆင့်ဆင့်မှ အလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ငွေကြေးကောက်ခံမှုများရှိ၍ တိုင်ကြားလာပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ဇေယျာသီရိမြို့နယ်ရှိ သာယာအေးနှင့် ရွှေကံသာကျေးရွာများ၊ ဒက္ခိဏသီရိမြို့နယ်ရှိ သီရိမင်္ဂလာနှင့် စိုက်ခင်း (၃) ကျေးရွာများအား တရားဝင်ကျေးရွာများအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက ဇေယျာသီရိမြို့နယ်ရှိသာယာအေးကျေးရွာ၊ ရွှေကံသာကျေးရွာနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ သီရိမင်္ဂလာကျေးရွာ၊ စိုက်ခင်း(၃) ကျေးရွာတို့ကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၄(ခ)နှင့်အညီ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ တင်ပြပြီး ခွင့်ပြုချက်ရရှိပါက ကျေးရွာမြေများအဖြစ် အသုံးပြုခွင့်ရရှိရန် ခွင့်ပြုမိန့်၊ ပယ်ဖျက်မိန့်များ ရရှိနိုင်ရေး နေပြည်တော်ကောင်စီကဆောင်ရွက်ပြီး ခွင့်ပြုမိန့်များရရှိမှသာလျှင် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး ကျေးရွာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နေပြည်တော်ကောင်စီက ဆက်လက်ဆောင်ရွက်သွားရမည့်ကိစ္စဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **"အမျိုးသားဘာသာ၊ စာပေနှင့် ယဉ်ကျေးမှု၊ ရိုးရာထုံးစံများမပျောက်မပျက်စေရေးအတွက် အမျိုးသားဘာသာ၊ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ မူဝါဒနှင့် အမျိုးဘာသာစာပေ ရေရှည်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ/ နည်းဥပဒေ (တစ်ခု)ရေးဆွဲပြီး တိတိကျကျပြဋ္ဌာန်းသင့်ကြောင်းအဆို"**ကို တင်သွင်းရာ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေးက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# အရည်အသွေးဖြင့်ကျော်ကြား ကမ္ဘာ့အကောင်းဆုံးဆန်ဆုရ မြန်မာ့ပေါ်ဆန်း

**ကမ္ဘာ့ဆန်ဈေးကွက်၏ အထွတ်အထိပ်ပြိုင်ပွဲကြီးဖြစ်သော ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲတွင် ထိုင်းနိုင်ငံ၏ ဂျက်စမင်ဆန်၊ အိန္ဒိယ၏ ဘာစမာတီနှင့် ဗီယက်နမ်၏ ST25 ဆန် စသည့်ထိပ်တန်းဆန်များကို ကျော်ဖြတ်ကာ ကမ္ဘာ့အကောင်းဆုံးဆန်ဆု နှစ်ကြိမ်နှင့် တတိယဆုတစ်ကြိမ် ဆွတ်ခူးရရှိခဲ့ဖူးသည့် မြန်မာ့ပေါ်ဆန်းမွှေးဆန်သည် နိုင်ငံတကာစင်မြင့်ထက်တွင် မြန်မာ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည့် အဖိုးတန်ရတနာတစ်ပါး ဖြစ်ပါသည်။**

**စိုက်မွှေးဆည်**

ပေါ်ဆန်းမွှေးသည် မြန်မာနိုင်ငံအတွင်းရှိ အခြားသော ဆန်အမျိုးအစားအားလုံးထက် အရည်အသွေး၊ အနံ့နှင့် အရသာပိုင်းတွင် သိသာထင်ရှားစွာ သာလွန်ကောင်းမွန်နေသည့်အတွက် ကမ္ဘာ့အဆင့်မီ ဆန်ကောင်းအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။ သာမန်မျက်စိဖြင့်ကြည့်လျှင် တိုတုတ်လုံးဝန်းသော ပုံသဏ္ဌာန်သာရှိသည့် ပေါ်ဆန်းဆန်၏ နောက်ကွယ်တွင် လူသိနည်းလှသည့် ထူးခြားဆန်းပြားသော သဘာဝလျှို့ဝှက်ချက်များနှင့် စိတ်ဝင်စားဖွယ် ရေမြေဗီဇအကြောင်းအရာများစွာ ကိန်းအောင်း လျက်ရှိနေပါသည်။

ပေါ်ဆန်းဆန်ကို ချက်ပြုတ်လိုက်သည့်အခါ အလျားလိုက် နှစ်ဆ၊ သုံးဆနီးပါးအထိ ရှည်ထွက်လာသည့် ထူးခြားသော ဗီဇ၊ စားသုံးသူတိုင်းကို စွဲမက်စေသည့် နူးညံ့မှုနှင့်တင်းရင်းမှု မျှတခြင်း အချိုးအစား၊ စနစ်တကျ သိုလှောင်ပါက နှစ်ရှည်လများအထိ အနံ့မပျက်ဘဲ မွှေးရနံ့ကို ထိန်းထားနိုင်သည့်သဘာဝနှင့် စိုက်ပျိုးသည့် ရေမြေဒေသအလိုက် အရည်အသွေး ပြောင်းလဲသွားတတ်ခြင်းတို့သည် အခြားဆန်များထက် ထူးခြားသည့် ဝိသေသလက္ခဏာများဖြစ်သည်။ ထို့အပြင် မြန်မာ့ရေမြေဒေသခံရိုးရာမျိုးစစ်စစ်ဖြစ်ခြင်း အပါအဝင် စိတ်ဝင်စားဖွယ်ကောင်းလှသည့် သဘာဝလျှို့ဝှက်ချက် အဓိကငါးချက်ရှိနေပါသည်။

**ဆန်သားရှည်ထွက်လာသည့် ဗီဇ**

ပေါ်ဆန်းဆန်၏ ပထမဆုံးနှင့် အံ့သြစရာအကောင်းဆုံး လျှို့ဝှက်ချက်မှာ ချက်ပြုတ်လိုက်သည့်အခါ သာမန်ဆန်များကဲ့သို့ ဘေးတိုက်ပွပြီး ဖောင်းကားမသွားဘဲ အလျားလိုက် နှစ်ဆ၊ သုံးဆနီးပါးအထိ ရှည်ထွက်လာသည့် ထူးခြားသော သဘာဝဗီဇရှိနေခြင်းဖြစ်သည်။ အလျားလိုက်ရှည်ထွက်ခြင်းသည် ဆန်စေ့အတွင်းရှိ ကစီဓာတ်ဆဲလ်များက ရေနှင့် အပူရှိန်ကို စနစ်တကျ စုပ်ယူပြီး အပေါ်အောက် လမ်းကြောင်းအတိုင်းသာ ဆန့်ထွက်စေရန် မျိုးရိုးဗီဇက ထိန်းချုပ်ထားခြင်းကြောင့်ဖြစ်သည်။ ထိုသို့ ထူးထူးခြားခြား ရှည်ထွက်သွားသော်လည်း ဆန်စေ့များ ကျိုးကျေပျက်စီးသွားခြင်း လုံးဝမရှိဘဲ လှပသေသပ်သည့် ပုံသဏ္ဌာန်တည်ရှိနေခြင်းမှာ ထူးကဲသော အရည်အသွေးဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် ပေါ်ဆန်း၏ ဆန်သားရှည်ထွက်လာမှု ဗီဇကို ထိန်းသိမ်းနိုင်ရန် စပါးရိတ်သိမ်းချိန်နှင့် အခြောက်ခံသိုလှောင်ချိန်များတွင် ဆန်စေ့အတွင်းပိုင်း အက်ကွဲကြောင်းများ မဖြစ်ပေါ်စေရန် စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ပျော့ပျောင်းနူးညံ့ပြီး စေးကပ်မနေဘဲ ခပ်ဖွယ်ဖွယ်ဖြစ်ခြင်း**

ပေါ်ဆန်းဆန်တွင် အမိုင်လို့စ်ဓာတ်သည် အလယ်အလတ်အဆင့် (၂၁ ရခိုင်နှုန်းမှ ၂၄ ဒသမ ၉ ရာခိုင်နှုန်း)သာ ပါဝင်သဖြင့် ချက်ပြုတ်ပြီးသောအခါ 'အပျော့အမာ မျှတမှု' ရှိသည့် အလွန်ထူးခြားသော အနေအထားကို ရရှိစေပါသည်။ ကမ္ဘာကျော် ထိုင်းဂျပ်စမင်ဆန်သည် ယင်းဓာတ်ပါဝင်မှု နည်းလွန်းသဖြင့် အလွန်စေးကပ်၍ ပျော့အိအိဖြစ်နေပြီး သာမန်ဆန်ကြမ်းများမှာမူ ထိုဓာတ်ပါဝင်မှု များလွန်းသဖြင့် အေးသွားပါက မာကြောသွားတတ်ပါသည်။ ပေါ်ဆန်းမွှေးမှာမူ ကစီဓာတ်အချိုးအစား ကွက်တိမျှတနေခြင်းကြောင့် ပူပူနွေးနွေးအချိန်တွင် နူးညံ့ပျော့ပျောင်းနေရုံသာမက အေးသွားသည့်တိုင်အောင် မာကြောမသွားဘဲ တင်းတင်းရင်းရင်းနှင့် ဝါး၍ အလွန်ကောင်းမွန်သော အနေအထားတွင် ရှိနေပါသည်။

ဤအရည်အသွေးကို ရရှိရန်အတွက် စပါးနှံများ ရင့်မှည့်ချိန်တွင်ရှိရမည့် ပတ်ဝန်းကျင်အပူချိန်၊ နေရောင်ခြည်၊ စိုထိုင်းဆအခြေအနေများနှင့် စိုက်ပျိုးသည့် မြေဆီလွှာတွင် အာဟာရဓာတ်လုံလောက်မှုတို့သည် အလွန်အရေးကြီးပါသည်။ အထူးသဖြင့် စပါးမရိတ်သိမ်းမီ ရေထုတ်ချိန်နှင့် အခြောက်ခံစနစ် မမှန်ကန်ပါက ဆန်၏ ပျော့ပျောင်းမှု အရည်အသွေးကို ထိခိုက်စေနိုင်ပါသည်။ တောင်သူလယ်သမားများအနေဖြင့် စပါးနှံများ အောင်မြင်ရင့်မှည့်ချိန်တွင် ရေသွင်းရေထုတ်နှင့် အစိုဓာတ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အထူးဂရုပြု ဆောင်ရွက်ရပါမည်။

> ❂ **ပေါ်ဆန်းဆန်သည် သာမန်စားသုံးရန် ဆန်မျှသာမဟုတ်ဘဲ အံ့သြဖွယ်ရာ သဘာဝလျှို့ဝှက်ချက်များစွာ ကိန်းအောင်းနေသည့် မြန်မာ့မြေ၏ ဂုဏ်ယူဖွယ်ရာ ရတနာတစ်ပါးဖြစ်ပါသည်။ ချက်ပြုတ်လိုက်သည့်အခါ အလျားလိုက် သုံးဆနီးပါးအထိ ရှည်ထွက်သွားသည့် ထူးခြားသောဗီဇ၊ စားသုံးသူတိုင်း စွဲမက်ရသည့် အပျော့အမာမျှတမှု၊ နှစ်ရှည်လများအထိ ထိန်းထားနိုင်သော မွှေးရနံ့နှင့် ဒေသအလိုက် ထူးကဲလှသည့် ရေမြေဂုဏ်သတင်းတို့ကြောင့် ပေါ်ဆန်းသည် ကမ္ဘာ့ဆန် စင်မြင့်ထက်တွင် ကမ္ဘာ့ထိပ်တန်းဆန်များကို ကျော်ဖြတ်ကာ နှစ်ကြိမ်တိုင်တိုင် သရဖူဆောင်းနိုင်ခဲ့ခြင်းဖြစ်**

နှင့် ရာသီဥတုပေါ်တွင်မူတည်၍ ဆန်၏ အရည်အသွေးများ သိသာစွာ ကွာခြားသွားတတ်ပါသည်။ ပေါ်ဆန်းကို မည်သည့်ဒေသတွင်မဆို စိုက်ပျိုး၍ ရသော်လည်း ၎င်း၏ထူးကဲသော အရည်အသွေးကိုမူ အပြည့်အဝမရရှိနိုင်ပေ။ မြန်မာနိုင်ငံတွင် မိုးကောင်းသောက် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ဆည်ရေသောက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တို့သည် ပေါ်ဆန်းအတွက် အကောင်းဆုံးရေမြေများ ရှိကြသည့်အတွက် ၎င်းဒေသများတွင် စိုက်ပျိုးသည့် ပေါ်ဆန်းဆန်များတွင် ထူးခြားသည့် သဘာဝလက္ခဏာရပ်များ ပြည့်ဝနေခြင်းဖြစ်သည်။

ပေါ်ဆန်း၏ အရည်အသွေးအဆင့်အတန်းကို ရေရှည်ထိန်းသိမ်းနိုင်ရန် စိုက်နည်းစနစ်၊ ပြုစုစောင့်ရှောက်မှုမှာ လွန်စွာအရေးကြီးလှပါသည်။

**မွှေးရနံ့ဗီဇနှင့် ရေရှည်သိုလှောင်နိုင်စွမ်း**

ပေါ်ဆန်းဆန်၏ အဓိကသော့ချက်မှာ သင်းပျံ့သည့် 'မွှေးရနံ့'ရှိခြင်းနှင့် ယင်းရနံ့ကို နှစ်ရှည်လများအထိ ထိန်းထားနိုင်သည့် ထူးခြားသော သိုလှောင်နိုင်စွမ်းပင်ဖြစ်ပါသည်။ ပေါ်ဆန်းဆန်တွင် အခြားဆန်များထက် ထူးကဲသော မျိုးရိုးဗီဇ (Os2AP gene)ပါရှိပြီး ၎င်းဗီဇက ဆန်စေ့အတွင်း သင်းပျံ့မှုရှိသောမွှေးရနံ့ 2AP ဒြပ်ပေါင်းများကို သဘာဝအတိုင်း ထုတ်လုပ်ပေးပါသည်။ အထူးသဖြင့် 'ပေါ်ဆန်းကြီး' ကဲ့သို့သော ရာသီစပါးမျိုးများသည် စပါးကြိတ်ခွဲမှုစနစ်နှင့် သိုလှောင်မှုမှန်ကန်ပါက ရိတ်သိမ်းပြီး နှစ်နှစ်ခန့်အထိတိုင်အောင် မွှေးရနံ့လုံးဝပျက်ပြယ်မသွားခြင်းမှာ အလွန်အဖိုးတန်လှသော ထူးခြားသည့် သဘာဝလက္ခဏာရပ်ပင် ဖြစ်ပါသည်။

တောင်သူလယ်သမားများအနေဖြင့် ဤမွှေးရနံ့အစွမ်းကို အပြည့်အဝထိန်းသိမ်းနိုင်ရန် ရိတ်သိမ်းချိန်လွန်နည်းပညာများကို စနစ်တကျ လိုက်နာဆောင်ရွက်ရပါမည်။ ရိတ်သိမ်းချိန် နောက်ကျခြင်း၊ နေပူရှိန်ပြင်းပြင်းတွင် အချိန်ကြာမြင့်စွာ အခြောက်ခံခြင်း၊ အစိုဓာတ်များလွန်းသော နေရာများတွင် သိုလှောင်ခြင်းတို့သည် ဆန်စေ့အတွင်းရှိ မွှေးရနံ့များကို လွင့်ပြယ် ဆုံးရှုံးစေနိုင်ပါသည်။ စပါးကို အချိန်မှန် ရိတ်သိမ်းခြင်းနှင့် အစိုဓာတ် (၁၃ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်း)အတွင်း ရှိစေရန် စနစ်တကျအခြောက်ခံ သိုလှောင်ခြင်းလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ရပါမည်။

**ရေမြေဒေသအစွဲပြု အရည်အသွေးရှိခြင်း**

ပေါ်ဆန်းဆန်သည် စိုက်ပျိုးသည့် ရေမြေဒေသ မိမိတို့ဒေသထွက် ပေါ်ဆန်းဆန်၏ အဖိုးတန်လှသော ရေမြေဂုဏ်သတင်းကို ကာကွယ်ရန်နှင့် နိုင်ငံတကာဈေးကွက်အထိ တန်ဖိုးမြှင့်တင်နိုင်ရန်အတွက် မျိုးသန့်စပါးကိုသာ ရွေးချယ်စိုက်ပျိုးရန်နှင့် ဒေသအလိုက် ထွက်ရှိသည့် ဆန်အရည်အသွေးကို တစ်ပြေးညီဖြစ်အောင် စနစ်တကျ ထိန်းသိမ်းထုတ်လုပ်ကြရမည်။

**မြန်မာမျိုးရင်းစစ်စစ်ဖြစ်ခြင်း**

ပေါ်ဆန်းဆန်သည် ခေတ်သစ်စပါးများကဲ့သို့ မျိုးကူးစပ်ထားခြင်းမဟုတ်ဘဲ မြန်မာ့ရေမြေတွင် သဘာဝအလျောက် ရာစုနှစ်ချီရှိနေခဲ့သည့် 'ဒေသမျိုးရင်း' ဖြစ်သည်။ ဒေသမျိုးရင်းဆိုသည်မှာ စတင်ပေါက်ဖွားရာ မူလဇာစ်မြစ်တစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ ဒေသတစ်ခု၏ ရေမြေရာသီဥတုနှင့်ကိုက်ညီအောင် တောင်သူလယ်သမားများကိုယ်တိုင် နှစ်ပေါင်းများစွာ စနစ်တကျ မျိုးရွေးချယ်ပြီး ရိုးရာအတိုင်း စိုက်ပျိုးထိန်းသိမ်းလာခဲ့သည့် ဗီဇခိုင်မာသော မျိုးစစ်စစ်ဖြစ်သည်။ ဤထူးခြားသော သဘာဝဗီဇကြောင့် ပေါ်ဆန်းသည် စိုက်ပျိုးသည့် ဒေသ၏ ရာသီဥတု၊ မြေဆီလွှာနှင့် ပိုးမွှားရောဂါဒဏ်များကို သဘာဝအတိုင်း ခံနိုင်ရည်ရှိအောင် အလိုအလျောက် ကျင့်သားရနေပြီး ဓာတုပစ္စည်းများ အသုံးပြုခြင်းထက် သဘာဝမြေဆီလွှာကို ပိုမိုနှစ်သက်ကာ မိမိဒေသအလိုက် သီးခြားအရသာနှင့် မွှေးရနံ့ကို အပြည့်အဝပေးစွမ်းနိုင်ခြင်းဖြစ်ပါသည်။

တောင်သူလယ်သမားများအနေဖြင့် မိမိတို့စိုက်ပျိုးနေသော ပေါ်ဆန်းစပါးသည် ကမ္ဘာတွင် ရှားပါးလှသည့် ရိုးရာဒေသမျိုးစစ်စစ်ဖြစ်သည်ကို နားလည်ပြီး တန်ဖိုးထားတတ်ရန် လိုအပ်ပါသည်။ ခေတ်သစ်မျိုးစပ်စပါးများသည် ကာလတိုအတွင်း အထွက်နှုန်းကောင်းမွန်နိုင်သော်လည်း ပေါ်ဆန်းကဲ့သို့ ရေမြေနှင့်တစ်သားတည်းဖြစ်ပြီး အရသာနှင့် အနံ့ပိုင်းတွင် ရေရှည်ဗီဇခိုင်မာမှုမျိုး မရှိကြပါ။ သို့ဖြစ်ရာ ပေါ်ဆန်း၏ အဖိုးတန်လှသော ရိုးရာဒေသမျိုးစရိုက်လက္ခဏာများ မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ ပြောင်းလဲပျက်စီးမသွားစေရန်အတွက် မျိုးသန့်ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များကို စနစ်တကျ လိုက်နာဆောင်ရွက်ပြီး မိမိတို့၏ သဘာဝအမွေအနှစ် မျိုးစေ့စစ်စစ်ကို ရေရှည်ကာကွယ်စောင့်ရှောက်သွားကြရပါမည်။

**အရည်အသွေးမြင့် ပေါ်ဆန်းစိုက်ပျိုးနည်း**

အရည်အသွေးကောင်းမွန်သော ပေါ်ဆန်းကို ရရှိရန်အတွက် စိုက်ပျိုးမည့်မျိုးနှင့် ကိုက်ညီသော ရေ၊ မြေ၊ ရာသီဥတုနှင့် စိုက်ပျိုးနည်းစနစ်များကို မှန်ကန်စွာ ရွေးချယ်ရန် လိုအပ်ပါသည်။ စိုက်ပျိုးမည့်မြေအမျိုးအစားအနေဖြင့် မြေနုကျွန်းမြေ၊ မြစ်ဝကျွန်းပေါ် နုန်းမြေ၊ ရေထိန်းနိုင်သော လယ်မြေနိမ့်ပိုင်းနှင့် ရေသွင်းရေထုတ်ထိန်းချုပ်နိုင်သော မြေပြန့်လယ်မြေများဖြစ်ရမည်။ ပေါ်ဆန်း၏အဓိကလက္ခဏာဖြစ်သော အမွှေးနံ့မှာ မျိုးဗီဇတစ်ခုတည်းကြောင့် မဟုတ်ဘဲ စိုက်ပျိုးချိန်အတွင်း အပူချိန်၊ ရေသုံးစွဲမှုနှင့် နေရောင်ခြည်ရရှိမှုတို့အပေါ်တွင်လည်း များစွာမူတည်နေပါသည်။ အထူးသဖြင့် စပါးစေ့ဖြည့်တင်းချိန်ကာလတွင် နေ့အပူချိန် ၂၂ ဒီဂရီစင်တီဂရိတ်နှင့် ညအပူချိန် ၁၇ ဒီဂရီစင်တီဂရိတ်ရှိခြင်းသည် အမွှေးနံ့ကို ဖြစ်ပေါ်စေသည့် 2AP ဒြပ်ပေါင်းထုတ်လုပ်မှုအတွက် အသင့်တော်ဆုံးဖြစ်ပြီး အပူချိန်မြင့်မားပါက အမွှေးနံ့လျော့နည်းသွားတတ်သဖြင့် စိုက်ချိန်နှင့် မျိုးကို အထူးဂရုစိုက်ရမည်။ အမွှေးနံ့များ မပျောက်ပျက်ဘဲ ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် ဆန်၏ အစိုဓာတ်ကို ၁၂ ရာခိုင်နှုန်းအောက်ထားကာ အပူချိန် ၁၅–၂၅ ဒီဂရီစင်တီဂရိတ်ခန့်ရှိသော အေးမြခြောက်သွေ့သည့်နေရာတွင် လေလုံအိတ်များဖြင့် စနစ်တကျ သိုလှောင်ရမည်။

ပေါ်ဆန်းဆန်သည် သာမန်စားသုံးရန် ဆန်မျှသာမဟုတ်ဘဲ အံ့သြဖွယ်ရာ သဘာဝလျှို့ဝှက်ချက်များစွာ ကိန်းအောင်းနေသည့် မြန်မာ့မြေ၏ ဂုဏ်ယူဖွယ်ရာ ရတနာတစ်ပါးဖြစ်ပါသည်။ ချက်ပြုတ်လိုက်သည့်အခါ အလျားလိုက် သုံးဆနီးပါးအထိ ရှည်ထွက်သွားသည့် ထူးခြားသောဗီဇ၊ စားသုံးသူတိုင်း စွဲမက်ရသည့် အပျော့အမာမျှတမှု၊ နှစ်ရှည်လများအထိ ထိန်းထားနိုင်သော မွှေးရနံ့နှင့် ဒေသအလိုက် ထူးကဲလှသည့် ရေမြေဂုဏ်သတင်းတို့ကြောင့် ပေါ်ဆန်းသည် ကမ္ဘာ့ဆန် စင်မြင့်ထက်တွင် ကမ္ဘာ့ထိပ်တန်းဆန်များကို ကျော်ဖြတ်ကာ နှစ်ကြိမ်တိုင်တိုင် သရဖူဆောင်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ရာ ထူးကဲသော မျိုးရိုးဗီဇနှင့် အရည်အသွေးများကို ရေရှည်တည်တံ့စေရန်အတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ နည်းပညာပံ့ပိုးပေးမည့် စိုက်ပျိုးရေးပညာရှင်များနှင့် ပြည်တွင်းပြည်ပ စားသုံးသူ ပြည်သူလူထုအားလုံးက တစ်ဦးတစ်ယောက်ချင်းစီအလိုက် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ မိမိတို့အားလုံး ညီညွတ်စွာဖြင့် ပေါ်ဆန်း၏ မူလအရည်အသွေးနှင့် မျိုးသန့်မှုကို စနစ်တကျ ကာကွယ်ထိန်းသိမ်းမြှင့်တင်သွားကြခြင်းဖြင့် မြန်မာ့ပေါ်ဆန်းမွှေးဆန်သည် ကမ္ဘာ့အဆင့်မီဆန်အဖြစ် ရာစုနှစ်ပေါင်းများစွာတိုင်အောင် ဆက်လက်မွှေးပျံ့ တောက်ပနေမည်မှာ ဧကန်မလွဲပင်ဖြစ်ပါတော့သည်။ ။

# ၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ စတင်ကျင်းပ







အရေးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့တွင် “မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ရှိ နီလာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ရွှေပင်ရွှေဘုန်း (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက သည်ဆောင်းဟေမန်(ဘွဲ့) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

“ကာလပေါ်” တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၁ ရှိ မြခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ရှင်သီဝလိ(ပြည်လှဖေ) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက အောင်မြင်ခြင်း အတူတူ (စန္ဒရားထွန်းညွန့်) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက အစိန္တေယျ(ဌေးဌေးမြင့်) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော် တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ အခြေခံပညာ အဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုး ကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို ယဉ်ကျေးမှုဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား/ အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သုံးပါးမြတ်ရတနာ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား/ အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြန်မာ့ဂုဏ်ရည်” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆင့်မြင့် ပညာအဆင့် အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆောင်းဦး ဟေမန်” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မွေးမေမေ” ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

နှဲပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အတိုင်းမသိမင်္ဂလာ” (မင်္ဂလာဩဘာဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထွေတလာလာ” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊

*စာမျက်နှာ ၁၀ သို့*




မဟာဂီတ အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မအိမ့်သံသာခင် ယှဉ်ပြိုင်စဉ်။




အမျိုးသမီး အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မချမ်းမြရောင်ခြယ် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် အမျိုးသမီးနှဲပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် အမျိုးသားစန္ဒရားအတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်အေးချမ်းအောင် ယှဉ်ပြိုင်စဉ်။



ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်များ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၉ မှ*

မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိ" (ဝတ်တော်ရုံဘုန်းတော်ဘွဲ့) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အိုးစည်အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ပုဗ္ဗသီရိ တပ်နယ်ခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါနွေဆန်း" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ပန်းဟောဝန်(တောဘွဲ့ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မေ့ဘဝခဏဘယ်သူယူပုပ္ပါမယ် (ကာလပေါ် ) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။



ဒိုးပတ်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်စဉ်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု အောင်တံခွန် ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကိုဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ဥဿာမဟာသဘင် ဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၁၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို မျိုးဆက်သစ် လူငယ်များထံ လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက်မျှော်မှန်းကာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို အစဉ်အလာမပျက် ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် မိုင်းဆတ်အကျဉ်းထောင် စစ်ဆေး

**မိုင်းဆတ် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်သည် အောက်တိုဘာ ၂၀ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် မိုင်းဆတ်အကျဉ်းထောင်မှ ထောင်ပိုင် ဦးလှဝင်းချိုက အကျဉ်းထောင်၏ လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က အကျဉ်းသား အကျဉ်းသူများအား တွေ့ဆုံအားပေးကာ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးဆိုင်ရာများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးနှင့် မြို့မရဲစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## ဝန်းသိုမြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှု အသိပညာပေးဆွေးနွေး

**ဝန်းသို အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှု အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ရာ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်သွင်ဇာဦး (ဒုတိယဦးစီးမှူး)နှင့် ဒေါ်ခက်မြတ်စိုး (ဒုတိယဦးစီးမှူး)တို့က မီးခိုးမြူငွေ့ဆိုတာဘာလဲ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာရသည့် အကြောင်းအရင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု၏ ဆိုးကျိုးများနှင့် လူသားတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများ၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ကြုံတွေ့နေရမှုများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်ပတ်သက်ပြီး ပြည်သူများအပေါ် တိုက်တွန်းနှိုးဆော်ချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းနှင့် စက်မှုလက်မှုပညာသင်တန်းကျောင်းများ သင်တန်းဖွင့်

**လပွတ္တာ အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦးသည် လပွတ္တာမြို့တွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားနေသည့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းနှင့် စက်မှုလက်မှုပညာသင်တန်းကျောင်းများ၏ သင်တန်းဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း အဆင့်မြင့်အပ်ချုပ်သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲနှင့် စက်မှုလက်မှုပညာသင်တန်းကျောင်း ဆောက်လုပ်ရေးသင်တန်းအမှတ်စဉ် (၁၅)၊ လျှပ်စစ်သင်တန်းအမှတ်စဉ်(၂၂)၊ ဂဟေသင်တန်းအမှတ်စဉ် (၂၂)၊ မော်တော်ယာဉ်စက်ပြင်သင်တန်း(၁၇)၊ လက်ကိုင်ဖုန်းပြင်သင်တန်း အမှတ်စဉ်(၁၉) တို့အား ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ သင်တန်းကျောင်းများအတွက် ထောက်ပံ့ငွေများပေးအပ်၍ သင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၏ လက်ရာများအား ကြည့်ရှုအားပေးပြီး အဆိုပါသင်တန်းများကို သင်တန်းသား သင်တန်းသူဦးရေ ၃၀ ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဖြိုး(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ပထမနေ့မြင်ကွင်းပုံရိပ်များ



ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ တင်ဆက်ကပြ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



အမျိုးသားနှဲပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဝေယံကျော်၏ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



စန္ဒရားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းဆက်သွေး ယှဉ်ပြိုင်စဉ်။



နှဲပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်အမျိုးသမီးတစ်ဦး ယှဉ်ပြိုင်စဉ်။




အမျိုးသမီးအကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မသွန်းရတီကျော် ယှဉ်ပြိုင်စဉ်။



ဒိုးပတ်အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ တီးခတ်ယှဉ်ပြိုင်စဉ်။

# ၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ပထမနေ့မြင်ကွင်းပုံရိပ်များ




အရေးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ-နိုင်လင်းကြည်၊ ဟိန်းထက်ဇော်



အတီး(နှဲ)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု မောင်စွမ်းထက်နိုင် ပါဝင်ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ-နိုင်လင်းကြည်၊ ဟိန်းထက်ဇော်




မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-တင်စိုးလွင်




အတီး(ဒိုးပတ်)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မောင်စိုင်းထက်နိုင်နှင့်အဖွဲ့ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ-နိုင်လင်းကြည်၊ ဟိန်းထက်ဇော်




ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု မမျိုးမျိုးလင်းနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ-နိုင်လင်းကြည်၊ ဟိန်းထက်ဇော်




အမျိုးသားအကပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ-နိုင်လင်းကြည်၊ ဟိန်းထက်ဇော်

❑ *ကျောဖုံးမှ*

ဦးဆောင်ဂိုးများကို စစ်ငြိမ်းချမ်းဦးက ပွဲချိန် ၁၇၊ ၁၉ နှင့် ၂၀ မိနစ်တို့တွင် ဟက်ထရစ်သွင်းယူပေးခဲ့ပြီး အောင်မြင့်မြတ်(၁) က ၂၄ မိနစ်၊ မင်းကိုခန့်က ၂၇ မိနစ်နှင့် ချစ်ဝိုင်ခန့်က ၈၉ မိနစ်တို့တွင် အသီးသီးသွင်းယူပေးခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ရန်ကုန်ဒါဘီပွဲစဉ်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရန်ကုန်ယူနိုက်တက်အသင်းက ရန်ကုန်စီးတီးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရန်ကုန်ယူနိုက်တက်အတွက် ဂိုးများကို လမင်းပြည့်စုံက ၃၂ မိနစ်၊ ကျော်ညီညီက ၄၅+၄ မိနစ်နှင့် ကောင်းမြတ်အောင်က ၉၀+၁ မိနစ်တို့တွင် သွင်းယူခဲ့သည်။ ရန်ကုန်စီးတီးအသင်းအတွက် ချေပဂိုးများကို ထက်အာကာဝင်းက ၆၃ မိနစ်နှင့် ထူးအံ့ဝင်းက ၇၃ မိနစ်တို့တွင် ပြန်လည်သွင်းယူခဲ့သည်။

သီဟဒီပကွင်း၌ ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရှမ်းယူနိုက်တက်အတွက် ကောင်းခန့်ဟိန်းက ၃၆ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၄၅+၃ မိနစ်တွင် မြဝတီအသင်းမှ အောင်ဇင်ဖြိုး ကိုယ့်ဂိုးကိုယ်မှားသွင်းမိခဲ့သဖြင့် ရှမ်းယူနိုက်တက် ဒုတိယဂိုးရခဲ့သည်။ မြဝတီအသင်းအတွက် ချေပဂိုးများကို ကျော်ဇေယျာခန့်က ၄၂ မိနစ်နှင့် ဘုန်းခန့်ဖြိုးက မိနစ် ၈၀ တို့တွင် သွင်းယူခဲ့သော်လည်း ပွဲချိန် ၉၀+၂ မိနစ်တွင် ကောင်းထက်ကျော်က ရှမ်းယူနိုက်တက်အတွက် အနိုင်ဂိုး ထပ်မံသွင်းယူပေးခဲ့သည်။

အပတ်စဉ် (၂၀) နောက်ဆုံးပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၂ ရက်တွင် ဗဟန်းကွင်း၌ GALAXY အသင်းနှင့် FALCON အသင်း၊ တောင်ဒဂုံကွင်း၌ ဟံသာဝတီယူနိုက်တက်နှင့် ရောဝတီယူနိုက်တက်အသင်းတို့ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး**
**ခတ်ပုံ-ML**

❖ *ကျောဖုံးမှ*

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင် ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်း အောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၆ ခုနှစ် မိုးစပါးနှင့် ၂၀၂၇ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန် အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ် (ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး၊ ဦးဆောင်အဖွဲ့**

## ကာတွန်း




# ပညာရှေ့အိုး လူမခိုး

● *ကျောဖုံးမှ*

AA အကြမ်းဖက်အဖွဲ့နှင့် CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့အား ဆက်သွယ်ထားသော ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိသည့် ကျင်ဒွေးမြို့ရှိ မြို့လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ အင်အားအလုံးအရင်းအသုံးပြုကာ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြို့အား ယာယီစိုးမိုးကာ အဖျက်အမှောင့်လုပ်ရပ်များကို ဥပဒေမဲ့ကျူးလွန်ခဲ့ကြသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပါအဝင် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ နေအိမ် အဆောက်အအုံများ၊ ပစ္စည်းဥစ္စာများကို စွန့်လွှတ်၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အဆိုပါ ကျင်ဒွေးမြို့အား ယာယီစိုးမိုးထားစဉ်အတွင်း မြို့တွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများအတွင်း ယာယီခံစစ်စခန်းများ ပြုလုပ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံပြည်သူများ၏ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ အဖိုးတန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် အသုံးအဆောင်ပစ္စည်းများအား အတင်းအဓမ္မ ယူဆောင်ခြင်း၊ ကျင်ဒွေးမှတစ်ဆင့် လှိုင်ဒုတ်-လောင်းရှည် ဆက်သွယ်ရေးလမ်းကြောင်း တစ်လျှောက်ရှိ ကျေးရွာများတွင် ဝင်ရောက်နေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လမ်း/တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ အခိုင်အမာ ခံစစ်စခန်းများ တည်ဆောက်ခြင်းများအပြင် အဆိုပါလမ်းကြောင်းတစ်လျှောက်တွင် မိုင်းထောင်ခြင်း၊ လမ်းကြောင်း၌ သွားလာလျက်ရှိသည့် မော်တော်ယာဉ်များထံမှ ဆက်ကြေးကောက်ခံခြင်း၊ အပြစ်မဲ့ ခရီးသွားပြည်သူများအား ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အတွက် ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များအနေဖြင့် ဖြတ်သန်းသွားလာရန် ကန့်သတ်ချက်များကြောင့် ဒေသတွင်းကုန်စည်စီးဆင်းမှု ရပ်တန့်ခဲ့ရပြီး ကုန်ဈေးနှုန်း အဆမတန်ကြီးမြင့်ခြင်းများ ဖြစ်ပေါ်ခဲ့ကာ ဒေသခံတိုင်းရင်းသား ပြည်သူများမှာ စားဝတ်နေရေးအတွက် ဒုက္ခကြီးစွာ ခံစားရလျက်ရှိပြီး ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ များစွာနိမ့်ကျလျက်ရှိသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူများ လုံခြုံစိတ်ချရသည့် လူမှုစီးပွားဘဝများဖြင့် လုပ်ကိုင်နေထိုင်နိုင်ရေးတို့အတွက်အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး ထိန်းချုပ်ထားသည့် လောင်းရှည်-လှိုင်ဒုတ်-ကျင်ဒွေး လမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်နိုင်ရန် လောင်းရှည်တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်၍ အခက်အခဲများကြားမှ ရဲဝံ့စွန့်စားစွာဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ စက်တင်ဘာလ ၂၄ ရက်တွင် ပွိုင့်-၆၁၀ တောင်ကုန်းအား လည်းကောင်း၊ စက်တင်ဘာလ ၂၅ ရက်တွင် ရင်းကဲကျေးရွာအား လည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်တွင် ပွိုင့်-၉၃၄ တောင်ကုန်းနှင့် ဆွဲလွဲကျင်းကျေးရွာအား လည်းကောင်း၊ စက်တင်ဘာလ ၂၉ ရက်တွင် ပွိုင့်-၁၀၅၉ တောင်ကုန်းအား လည်းကောင်း၊ အောက်တိုဘာလ ၄ ရက်တွင် မဆွာတွီကျေးရွာအား လည်းကောင်း၊ အောက်တိုဘာလ ၈ ရက်တွင် ပွိုင့်-၁၂၇၆ တောင်ကုန်းအားလည်းကောင်း၊ အောက်တိုဘာလ ၂၀ ရက်တွင် ကျင်ဒွေးမြို့၏ အရှေ့မြောက်ဘက် မီတာ ၁၂၀၀ ခန့်အကွာ ပွိုင့် - ၁၇၃၂ အနီးရှိ အကြမ်းဖက် သောင်းကျန်းသူများ၏ စခန်းနေရာအားလည်းကောင်း အဆင့်ဆင့် ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပြီး ယနေ့ အောက်တိုဘာလ ၂၁ ရက်တွင် လှိုင်ဒုတ်ကျေးရွာအား ပြန်လည် သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်း ပေါ်ရှိ ကျေးရွာများနှင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အခြေပြုနေရာများအား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ထိတွေ့မှု စုစုပေါင်း ၂၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၁လောင်း၊ လက်နက်မျိုးစုံ ၁၂ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြု အရေးပါသည့် လောင်းရှည်- လှိုင်ဒုတ်-ကျင်ဒွေး ဆက်သွယ်ရေးလမ်းကြောင်းအား အမြန်ဆုံးပြန်လည် ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများ၊ လမ်း/တံတားများ ပြန်လည်ပြုပြင်ပေးခြင်း လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



တပ်မတော်စစ်ကြောင်းများက ဆွဲလွဲကျင်းကျေးရွာ ပြန်လည်သိမ်းပိုက်ရရှိမှု။



ပွိုင့် ၁၇၃၃ အနီးတောင်ကုန်းမှ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

❍ *ကျောဖုံးမှ*

ထပ်မံသွင်းယူပေးခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ကာဆူကာအသင်း ချေပဂိုးရရှိရန် ကြိုးစားခဲ့သော်လည်း ရှမ်းယူနိုက်တက်ဂိုးသမား ကျော်ဇင်ဖြိုး လက်စွမ်းပြကာကွယ်နိုင်ခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရမှတ် ၄ မှတ်ရရှိထားပြီး အုပ်စု ပထမနေရာဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ရန်အတွက် အောက်တိုဘာ ၂၄ ရက်တွင် ဖိလစ်ပိုင်ကလပ် မနီလာဒစ်ဂါအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-AFC**

◆ *ကျောဖုံးမှ*

ဒုတိယအကျော့ အပတ်စဉ်(၁၀) ပွဲစဉ်များအပြီးတွင် ISPE အသင်းက ၂၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရောဝတီက ၂၃ မှတ်၊ ရန်ကုန်ယူနိုက်တက်က ၂၂ မှတ်၊ သစ္စာအားမာန်က ၁၉ မှတ်၊ ရှမ်းယူနိုက်တက်က ၁၇ မှတ်၊ ရတနာပုံက ၁၂ မှတ်၊ မြဝတီက ၉ မှတ်၊ ဇွဲကပင်ယူနိုက်တက်၊ Young Lionesses တို့က ၇ မှတ်စီနှင့် ရန်ကုန်စီးတီးအသင်းက ရမှတ် မရရှိသေးပေ။

**နေမျိုး၊ ဓာတ်ပုံ-MWL**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကယားပြည်နယ်ရုံး၌ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် လွိုင်ကော်စာပေ စာအုပ်အရောင်းဆိုင် ဖွင့်လှစ်ထား



**လွိုင်ကော် အောက်တိုဘာ ၂၁**

လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် လုပ်ငန်းနှင့် လူထုအခြေပြုဗဟိုဌာန လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော် သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(ယာပုံ)**

ကြည့်ရှုစဉ် ဒေသခံပြည်သူများနှင့် ဝန်ထမ်းများ စာပေဖတ်ရှုလေ့လာမှု ပိုမိုအားကောင်းလာစေရေး စည်းရုံးဆောင်ရွက်ကြရန်၊ ရွှေ့လျားစာကြည့်တိုက်လုပ်ငန်း ပိုမိုတိုးချဲ့ လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ စာကြည့်တိုက်ရှိ စာအုပ်စာစောင်များ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ရုံး၌ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် လွိုင်ကော်စာပေ စာအုပ်အရောင်းဆိုင် ဖွင့်လှစ်ထားရှိမှု၊ ပြည်နယ်ရုံး ဖွင့်လှစ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လွိုင်ကော်စာပေ စာအုပ်အရောင်းဆိုင်ကို ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရှိလာတဲ့အခါ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ရွက်ပုန်းသီးကလေးတွေကို စနစ်တကျ ရွေးချယ်ခေါ်ယူပြီး ရိုးရာအမွေအနှစ်တွေကို သူတို့ရဲ့ ရင်ထဲအထိရောက်ရှိအောင် စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်

ဒေါ်နန်းခမ်းလူ (လူမှုရေးရာဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ကျင်းပခဲ့သည်မှာ (၂၇)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပြီး အောက်တိုဘာ ၂၁ ရက်တွင်(ဗဟိုအဆင့်) သတ်မှတ်နေရာအသီးသီး၌ ယှဉ်ပြိုင်ခဲ့သည့် ကဏ္ဍအလိုက် တာဝန်ယူရသူများနှင့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည် -



ဒေါ်နန်းခမ်းလူ



ဦးမင်းခိုင်



မောင်ရဲလင်းဦး



မောင်အောင်ဘိုဘို



မသွန်းအိန္ဒြေ



မမေချမ်းမြေ့

**ဒေါ်နန်းခမ်းလူ**
**လူမှုရေးရာဝန်ကြီး**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

ရှမ်းပြည်နယ်အနေနဲ့ ပြိုင်ပွဲဝင် စုစုပေါင်း ၁၂၁ ဦး၊ ဘာသာရပ်လေးမျိုးစလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒီလိုမျိုး ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အတွေ့အကြုံတွေ အများကြီး ရရှိသလို၊ ပြိုင်ပွဲကျင်းပပေးတဲ့ နိုင်ငံတော်ကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒီပြိုင်ပွဲဟာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို အပြည့်အဝ ဖော်ဆောင်ပေးနိုင်တာ တွေ့ရပါတယ်။

ကျွန်မတို့ ရှမ်းပြည်နယ်မှာ တိုင်းရင်းသား မျိုးနွယ်စုတွေ များပြားတဲ့အတွက် ကလေးတွေဟာ မိမိတို့ရဲ့ ကိုယ်ပိုင်တိုင်းရင်းသားရိုးရာ အကလောက်ကိုသာ အဓိက ကျွမ်းကျင်ကြတာပါ။ ဒါပေမယ့် အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရှိလာတဲ့အခါ အနယ်နယ် အရပ်ရပ်မှာရှိတဲ့ ရွက်ပုန်းသီးကလေးတွေကို စနစ်တကျ ရွေးချယ်ခေါ်ယူပြီး ရိုးရာအမွေအနှစ်တွေကို သူတို့ရဲ့ ရင်ထဲအထိ ရောက်ရှိအောင် စနစ်တကျ လေ့ကျင့် သင်ကြားပေးနိုင်ခဲ့ပါတယ်။ ကလေးတွေအနေနဲ့ ထူးထူးချွန်ချွန် တတ်မြောက်လာပြီး အနုပညာရှင်သစ်တွေ အများကြီး ထွက်ပေါ်လာတဲ့အတွက် ရှမ်းပြည်နယ်ကိုယ်စားပြုအနေနဲ့ အလွန်ပဲဂုဏ်ယူပီတိဖြစ်ရပါတယ်။

**ဦးမင်းခိုင်၊ နည်းပြ**
**အတီး(စန္ဒရား)ပြိုင်ပွဲ**
**မကွေးတိုင်းဒေသကြီး**
**ကိုယ်စားပြု**

စန္ဒရားအတီးပြိုင်ပွဲဝင်တွေကို နည်းပြအဖြစ် ဆောင်ရွက်ခဲ့တာ ၂၀၀၁ ခုနှစ်ကတည်းကပါ။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေမှာ ပြိုင်ပွဲဝင်အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာကတော့ ပထမအကြိမ်ကတည်းက ဖြစ်ပါတယ်။ အခု မကွေးတိုင်းဒေသကြီး ကိုယ်စားပြု စန္ဒရားအတီးပြိုင်ပွဲဝင်တွေကို အကောင်းဆုံးလေ့ကျင့်သင်ကြားပေးထားပါတယ်။ စန္ဒရားနည်းပြဘဝကို မြတ်နိုးတယ် ဆိုပေမယ့် မြန်မာ့ယဉ်ကျေးမှု တိမ်ကောပပျောက် မသွားစေလိုတာလည်းပါပါတယ်။ ဒီပြိုင်ပွဲကြီးကို ကျင်းပပေးခြင်းအားဖြင့် မြန်မာ့ယဉ်ကျေးမှု အနုပညာ ရွက်ပုန်းသီးလေးတွေ ပေါ်ထွက်လာတာလည်း တွေ့ရပါတယ်။

**မောင်ရဲလင်းဦး**
**အခြေခံပညာ (၁၅-၂၀)**
**ဒိုးပတ်ပြိုင်ပွဲဝင်**
**တနင်္သာရီတိုင်းဒေသကြီး**
**ကိုယ်စားပြု**

ကျွန်တော်က (၂၅) ကြိမ်မြောက်၊ (၂၆)ကြိမ်မြောက်နဲ့ အခု (၂၇) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒိုးပတ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တာဆိုရင် သုံးကြိမ်ရှိပါပြီ။ ရှေ့ကနှစ်ကြိမ်မှာ ဒုတိယဆုနဲ့ တတိယဆုတွေ ရရှိခဲ့ပါတယ်။ ဒီနှစ်ကိုတော့ ရွှေတံဆိပ်ဆုရရှိဖို့အတွက် ပြိုင်ပွဲကြီး မရောက်ခင်ကတည်းက ကြိုတင်ပြင်ဆင် လေ့ကျင့်ထားပါတယ်။ ဆိုင်းပညာကိုလည်း ကျွန်တော် အသက် ၁၃ နှစ်သားကတည်းက သင်ယူခဲ့ပါတယ်။ လက်ရှိမှာလည်း ရဲလင်းဦးဆိုတဲ့ ဆိုင်းဝိုင်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ကျွန်တော်တို့လိုလူငယ်တွေက ထိန်းသိမ်းပြီး ညီလေး ညီမလေးတွေဆီကို လက်ဆင့်ကမ်း သွားမယ်ဆိုရင် ကမ္ဘာတည်သရွေ့ မပျောက်မပျက်ဘဲရှိနေမှာပါ။ ပွဲကျင်းပပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲကို ကျေးဇူးအများကြီးတင်ပါတယ် ခင်ဗျာ။

**မောင်အောင်ဘိုဘို**
**(အဆင့်မြင့်ပညာ၊ အက)**

ကျွန်တော်က ရောဝတီတိုင်းဒေသကြီးကို ကိုယ်စားပြုယှဉ်ပြိုင်မှာဖြစ်ပြီး ဗဟိုအဆင့်မှာ ပထမဆုံး ယှဉ်ပြိုင်တာဖြစ်ပါတယ်။ မြို့နယ်၊ ခရိုင်၊ တိုင်းမှာ အဆင့်ဆင့် ယှဉ်ပြိုင်ခဲ့ပြီး ပုသိမ်မှာ တစ်လလောက် စခန်းသွင်းလေ့ကျင့်ခဲ့ပြီးမှ ဒီကိုလာခဲ့တာဖြစ်ပါတယ်။ ယှဉ်ပြိုင်ဖို့ပြင်ဆင်ခဲ့တာ အားရကျေနပ်မှုရှိပါတယ်။

**မသွန်းအိန္ဒြေ**
**အခြေခံပညာ(၁၀-၁၅)**
**နှဲပြိုင်ပွဲဝင်**
**မန္တလေးတိုင်းဒေသကြီး**
**ကိုယ်စားပြု**

ကျွန်မကတော့ ပြီးခဲ့တဲ့နှစ်ကနှဲကို စတင်လေ့လာဖြစ်ပါတယ်။ နှဲပညာက ခက်ခဲပါတယ်။ ဒါကြောင့်လည်း ကြိုးကြိုးစားစားနဲ့ လေ့လာသင်ယူခဲ့ရပါတယ်။ ဗဟိုအဆင့် ပြိုင်ပွဲကြီးအတွက် သီချင်းသုံးပုဒ်နဲ့ သေချာလေ့ကျင့် ပြင်ဆင်ခဲ့ပါတယ်။ အားအရဆုံး သီချင်းကတော့ စိမ်းလဲ့လဲ့သီချင်း ဖြစ်ပါတယ်။ (၂၇) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ ကျွန်မက နှဲ၊ ပလွေ၊ ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ကျွန်မ ရွှေတံဆိပ်ဆုရရှိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။

**မမေချမ်းမြေ့**
**(ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်)**
**အခြေခံပညာ (၁၀-၁၅ )**
**မန္တလေးတိုင်းဒေသကြီး**
**ကိုယ်စားပြု**

ကျွန်မတို့က ဆိုင်းဝိုင်းကြီး အဖွဲ့လိုက်ဆိုတော့ ပထမဆုံးက လေ့ကျင့်တဲ့အခါမှာ ယှဉ်ပြိုင်ကြမယ့် အဖွဲ့ဝင်တွေနဲ့ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင်နဲ့ လေ့ကျင့်ကြရပါတယ်။ အဖွဲ့လိုက်ပြိုင်ပွဲဖြစ်တဲ့အတွက် စည်းလုံးမှုက အရေးကြီးပါတယ်။ ကျွန်မတို့အဖွဲ့ နံပါတ် ၁ မဲပေါက်တဲ့အတွက် ပထမဆုံး ယှဉ်ပြိုင်ခဲ့ရပါတယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်က ပြိုင်ပွဲဝင်တွေရဲ့ တီးခတ်ယှဉ်ပြိုင်မှုကို ဆက်လက်အားပေးသွားမှာ ဖြစ်ပါတယ်။ ရှေ့ဆက်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကိုလည်း ကျွန်မတို့အားလုံး ထိန်းသိမ်းစောင့်ရှောက်သွားမယ်လို့ ကတိပြုပါရစေရှင်။



မချမ်းမြရောင်ခြယ်

**မချမ်းမြရောင်ခြယ်**
**(အခြေခံပညာ ၁၀-၁၅)**
**အက**

သမီး စစ်ကိုင်းတိုင်းဒေသကြီးကို ကိုယ်စားပြုယှဉ်ပြိုင်သွားမှာဖြစ်ပြီး အရင်နှစ်ကလည်း လာရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ဒုတိယဆုရရှိခဲ့ပါတယ်။ ဒီနှစ် ယှဉ်ပြိုင်ရာမှာ တော်တော်လေး အားရကျေနပ်မှု ရှိပါတယ်။ တီချယ်ဒေါ်သန္တာရဲ့ ကျေးဇူးတွေလည်း အများကြီးပါပါတယ်။ ဒီနှစ် လာရောက်ယှဉ်ပြိုင်ရတဲ့အတွက် အများကြီးအားရသလို ပျော်လည်းပျော်ပါတယ်။

**ဟိန်းဇော်မင်း**

ပညာရဲရင့် ပွဲလယ်တင့်

စာအုပ်စာပေ လူ့မိတ်ဆွေ

# ရွှေလင်ပန်းရှိ “777” ပလတ်စတစ်စက်ရုံနှင့် စမ်းချောင်းမြို့နယ်ရှိ Royal Khattar Hotel တို့တွင် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲခြင်းနှင့် ပတ်သက်ပြီး စစ်ဆေးဖော်ထုတ်ပေးခဲ့သည့် ဝန်ထမ်း ၁၂ ဦးအား ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်ဂုဏ်ပြုသည့် မှတ်တမ်းလွှာပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ရွှေလင်ပန်းရှိ “777” ပလတ်စတစ်စက်ရုံနှင့် စမ်းချောင်းမြို့နယ်၌ရှိသည့် Royal Khattar Hotel ရှိ မီတာများတွင် တရားမဝင် ဓာတ်အားခိုးယူသုံးစွဲနေမှုတို့ကို မြေပြင်ကွင်းဆင်း စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်း ၁၂ ဦးအား ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၌ ကျင်းပသည်။

ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နစ်နာခဲ့သည့် ဓာတ်အားခလျော်ကြေးများ ပြန်လည်ရရှိရေးနှင့် Losses ကျဆင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်း ၁၂ ဦးတို့အား ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်ဂုဏ်ပြုသည့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ် အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်း ခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင် ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နှင့်** နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထား မိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## လူမှုရေးပင်စင်အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လူမှုရေးပင်စင်အစီအစဉ်၌ အကျိုး ခံစားခွင့်ရှိသူများအား ထောက်ပံ့ရန် သုံးလပတ် ၂ ကြိမ် (၆)လစာ ရန်ပုံငွေရရှိခဲ့ပြီး အကျိုးခံစားခွင့်ရှိသူများအား အကျိုးခံစားခွင့် လအလိုက် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်များမှ တစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်အထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ နိုင်ငံသား အသိအမှတ်ပြုကတ်ပြား (မူရင်း) များယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှ ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များကို ကယား (၀၉-၆၆၅၈၈၁၂၃၂)၊ ကရင် (၀၉-၇၇၅၄၄၂၇၄၂)၊ ချင်း (၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း (၀၉-၄၃၁၇၂၅၀၆)၊ တနင်္သာရီ (၀၉-၂၅၂၀၆၉၀၀၂)၊ နေပြည်တော် (၀၉-၂၅၁၀၇၉၄၉၆)၊ ပဲခူး (၀၉-၅၀၃၇၃၄၄)၊ မကွေး (၀၉-၂၅၁၃၁၅၁၃၅)၊ မန္တလေး (၀၉-၇၉၇၄၂၁၄၂၂)၊ မွန် (၀၉-၂၆၀၇၄၃၉၁၃)၊ ရခိုင် (၀၉-၄၂၁၇၆၈၄၅၄)၊ ရန်ကုန် (၀၉-၄၀၂၈၁၀၅၀၆)၊ ရှမ်း (၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ (၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၁၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။



မွန်ပြည်နယ် ရေးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်တိုဘာ ၁၉ ရက်က ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုငြိမ်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရှိုင်းထက်အောင်နှင့် တာဝန်ရှိသူများ မြသီတာဈေးကြီးအတွင်းရှိ ဈေးဆိုင်များ၌ မီးဘေးအန္တရာယ်လုံခြုံရေးကွင်းဆင်းစစ်ဆေးစဉ်။ ရှင်းသန့်ဖြူ

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ မီးလောင်/မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၀ ရက်က မြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များကို မီးဘေးလုံခြုံရေးစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။ ဘုန်းမြတ်



**မီး ဘေး ရှောင် မလောင် ခင်တား**



ငါန်းဇွန်မြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက အောက်တိုဘာ ၁၉ ရက်တွင် အမှတ် ၁ နှင့် ၄ ရပ်ကွက်တို့ရှိ စက်သုံးဆီအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးပေးပြီး မီးလန့်မှု မဖြစ်ပွားစေရေးနှင့် သတ်မှတ်စည်းကမ်းနှင့်အညီ မီးသတ်ဆေးဘူး အသုံးပြုနည်းတို့ကို အသိပညာပေးစဉ်။

ငါန်းဇွန်သား

## MCCT အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် MCCT အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများအား ထောက်ပံ့ရန် သုံးလပတ် ၂ ကြိမ် (၆)လစာ ရန်ပုံငွေရရှိခဲ့ပြီး အကျိုးခံစားခွင့်ရှိသူများအား အကျိုးခံစားခွင့် လအလိုက် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက် မှ ၆-၁-၂၀၂၇ ရက်အထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ နိုင်ငံသားအသိအမှတ်ပြုကတ်ပြား (မူရင်း)များ ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှ ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များကို ကယား(၀၉-၆၆၅၈၈၁၂၃၂)၊ ကရင်(၀၉-၄၂၅၀၀၃၇၄၈)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း (၀၉-၂၅၈၇၃၆၅၉၀)၊ ရခိုင်(၀၉-၂၅၀၅၉၉၉၈၀)၊ ရှမ်း(၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၇၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကလေးတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအားတက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး ၊ အမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အလားတူ ယနေ့ညနေပိုင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရာ အနောက်မြောက် တိုင်းစစ်ဌာနချုပ် ဟုမ္မလင်းတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအားတက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး ၊ အမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု နေရာပြမြေပုံ။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံတစ်လုံးမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# လဲချားမြို့နယ် ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ၃ ဦးအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ် ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။



လဲချားမြို့နယ် ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃ ဦးအား ဖမ်းဆီးရမိစဉ်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် လဲချားမြို့၏ အရှေ့တောင်ဘက် မီတာ ၃၀၀၀၀ ခန့် အကွာ ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျားပေ ၃၀၊ အနံ ၁၅ ပေရှိ ယာယီအလုပ်ရုံတဲ ၁ လုံး၊ အလျား ပေ ၄၀၊ အနံ ၁၅ ပေရှိ ယာယီလူနေတဲကြီး ၁ လုံး၊ အလျားပေ ၂၀ အနံ ၁၅ ပေရှိ ယာယီလူနေတဲ(အသေး) ၁ လုံးနှင့် ယာယီထမင်းချက်ဆောင် ၁ လုံး၊ Star Link ၃ လုံး၊ Laptop ၈ လုံး၊ Power Station ၄ လုံး၊ ဖုန်းမျိုးစုံအလုံး ၂၀၊ Network လိုင်းခွဲစက် ၇ လုံး၊ Network Router သုံးလုံး၊ မီးစက်(အကြီး) ၁ လုံး၊ ပလတ်စတစ်ထိုင်ခုံအလုံး ၃၀၊ ခေါက်စားပွဲ ၄ လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာတစ်ဝိုက်အား ဆက်လက်ရှင်းလင်းရာ တရုတ်နိုင်ငံသား အမျိုးသား ၃ ဦးတို့အား ထပ်မံဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သည်။



လဲချားမြို့နယ် ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာ တစ်ဖက်ကမ်း အလျား မီတာ ၂၆၀၀၊ အကျယ် ၁၃၆ မီတာ သောင်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေ





**ပုသိမ် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ချောင်းဖျားကျေးရွာနှင့် ဂန်ချောင်းကျေးရွာများ ရေတိုက်စားကမ်းပြိုမှု ကာကွယ်နိုင်ရန်အတွက် Geotextile ကပ် ကမ်းထိန်းတမံ အလျားပေ ၃၀၀၀ ဆောင်ရွက်မည့်နေရာနှင့် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ဂန်ချောင်းကျေးရွာ တစ်ဖက်ကမ်း အလျား မီတာ ၂၆၀၀၊ အကျယ် ၁၃၆ မီတာ သောင်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအားလုံးကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး၊ ဒေသခံပြည်သူများအတွက် အကျိုးရှိစေရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့အတူ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ အနန္တဂုဏ်ရောင်စာသင်တိုက်အနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဖြစ်သည့် ဘိုးပိုင်အခြေပြု RCC မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း အလျားပေ ၁၅၀ ဆောင်ရွက်နေမှုနှင့် ဘိုးပိုင်အခြေပြု RCC မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း အလျားပေ ၁၀၀ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အလားတူ မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ညောင်ပင်သာကျေးရွာရှိ Master Feed mill ငါးအစာ တောင့်စက်ရုံလည်ပတ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဟသ်ာတခရိုင် ဇလွန်မြို့နယ် ကံ့ကော်ကုန်းကျေးရွာရှိ တောင်သူ ဦးဝင်းမြင့်ဦး၏ လယ်မြေတွင် ကျင်းပပြုလုပ်သည့် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါး(RS-CS)မျိုးစေ့ထုတ်စံပြစိုက်ခင်း ဆင်းသုခစပါးမျိုး မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆီထွက်သီးနှံ(နေကြာ)စိုက်ပျိုးမည့် တောင်သူများထံ နေကြာမျိုးစေ့များ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဓနုဖြူမြို့နယ် ယင်းကတစ်ကျေးရွာရှိ ရေနက်ကွင်းတွင် ရေတစ်ပေါင်၊ ကုန်းတစ်ပေါင် စိုက်ပျိုးနည်းစနစ်ဖြင့် အလှိုင်းကုမ္ပဏီမှ စိုက်ပျိုးထားရှိသော အုန်းချိုမွှေးစိုက်ပျိုးရေးခြံ ဧက ၁၈၀ တွင် အုန်းချိုမွှေးပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ ရှိဘက်စတာ မြေနိမ့်ကော်ဖီပင်များနှင့် ကွမ်းသီးပင်များ သီးညှပ်စိုက်ပျိုးထားရှိမှု၊ ရန်ကုန်-ပုသိမ်လမ်း မိုင် ၄၈ မိုင် ၇ ဖာလုံမှ ၄၉ မိုင်အတွင်း Oriental Highway Co.,Ltd. မှ လမ်းဘယ်ဘက်ခြမ်း ပေ ၄၀၀ ခန့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ကြိမ်ပင်ဆည်-စကျော့-ဓနုဖြူ-ဇလွန်လမ်းပိုင်း ၃၅ မိုင် ၇ ဖာလုံအတွင်း လမ်းအထူးအဖွဲ့ ၂၁ မှ ၃ ဖာလုံအရှည်ခန့် ကတ္တရာလမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဟသ်ာတ - ဒူးယား - ဒေါင့်ကြီး-ဇလွန်လမ်းပိုင်း ၁၅ မိုင် ၁ ဖာလုံအတွင်း အရှည် ၃ ဖာလုံ၊ အကျယ် ၁၈ ပေအား လမ်းဦးစီးဌာနမှ ကတ္တရာလမ်း အနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြန်မာ့လက်မှုအနုပညာစင်တာတွင် ပြခန်းများ တိုးချဲ့တည်ဆောက်သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ မြန်မာ့လက်မှုအနုပညာစင်တာတွင်ပြခန်းများ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြခန်းများ တိုးချဲ့တည်ဆောက်မည့် မြေနေရာနှင့် သစ်သီးအခြောက်ခံစက်ရုံ Dome တို့ကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးကာ မြန်မာ့လက်မှုအနုပညာစင်တာတွင် ခင်းကျင်းပြသထားသည့် မြန်မာ့ရိုးရာလက်မှုထည်များအား ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ မန္တလေးတိုင်းဒေသကြီး အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်းက ကျင်းပသည့် ရက်ကန်းထုတ်ကုန်ချည်ထည်ပြပွဲနှင့် TIAM ဈေးရောင်းပွဲတော် (၂၀၂၆) သို့ တက်ရောက်အမှာစကားပြောကြားပြီး ခင်းကျင်းပြသထားသော အထည်အလိပ်ရက်ကန်းထည် အရောင်းဆိုင်များကို ကြည့်ရှုအားပေးသည်။

ထို့အတူ ချမ်းမြသာစည်မြို့နယ် ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဗိမာန်၌ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာပန်း (၁၀)မျိုး လက်မှုပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် ပန်း (၁၀)မျိုး ပညာရပ်များ မတိမ်ကောမပပျောက်စေရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး မြန်မာ့ရိုးရာပန်း (၁၀)မျိုး လက်မှုထည်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Naypyitaw State Academy ၊ Faculty of Medicine သို့ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးပညာစတုတ္ထနှစ် (၁/၂၀၂၆) သင်တန်းမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၁**

Naypyitaw State Academy, Faculty of Medicine သို့ဆေးတက္ကသိုလ် (၁)ရန်ကုန်၊ဆေးပညာစတုတ္ထနှစ် (၁/၂၀၂၆)သင်တန်းမှ ကျောင်းသား ကျောင်းသူ ၁၅၈ ဦးသည် Residential Field Training အစီအစဉ် တစ်စိတ်တစ်ဒေသအဖြစ် ယနေ့တွင် လာရောက်လေ့လာကြသည်။

ထိုသို့ လာရောက်လေ့လာစဉ် ကျောင်းသားကျောင်းသူများအား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာတင်ထွန်းက တွေ့ဆုံသည်။

တွေ့ဆုံစဉ် လေ့လာရေးခရီးစဉ်တစ်ခု၏ အောင်မြင်မှုသည် နေရာအသစ်တစ်ခုသို့ သွားရောက်ခဲ့ခြင်းအပေါ်တွင်သာ မူတည်ခြင်းမဟုတ်ဘဲ ထိုခရီးစဉ်မှ အသိပညာ၊ အတွေ့အကြုံနှင့် သင်ခန်းစာများကို ရရှိခဲ့သည်ဆိုသည့်အချက်အပေါ် မူတည်ပါကြောင်း၊ အနာဂတ်ဆရာဝန်များဖြစ်လာမည့် ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ အားလုံးရှိသင့်သည့် ပုဂ္ဂိုလ်ရေးတန်ဖိုးများဖြစ်သည့် တာဝန်ယူမှုနှင့် တာဝန်ခံမှု၊ ကိုယ်ကျင့်တရားနှင့် ရိုးသားမှု၊ စဉ်ဆက်မပြတ် သင်ယူလေ့လာမှု၊ စာနာနားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကို ကျင့်ကြံလိုက်နာရန် အလေးပေး မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် အုပ်စု(၃) စုခွဲ၍ Naypyitaw State Academy ၏ ဘွဲ့နှင်းသဘင်ခန်းမ၊ Recreation Center နှင့် Faculty of Medicine ၏ စာသင်ခန်းများ၊ လက်တွေ့ခန်းများကို ကြည့်ရှုလေ့လာကြသည်။

ယခုလေ့လာရေးအစီအစဉ်ကို ဆေးတက္ကသိုလ်များအကြား အတွေ့အကြုံများ ဖလှယ်နိုင်ရန်၊ ဆေးပညာသင်ကြားရေးဆိုင်ရာ အမြင်များကို မျှဝေနိုင်ရန်နှင့် ဆေးပညာကျောင်းသားများအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ရွှေတောင်မြို့ပေါ်ရှိ စားအုန်းဆီအရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ရောင်းချပေးရေး ကွင်းဆင်းဆောင်ရွက်

**ရွှေတောင် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေး အဖွဲ့ဝင်များက ယမန်နေ့က ရွှေတောင်မြို့ပေါ်ရှိ စားအုန်းဆီ လက်လီလက်ကားအရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ခွဲတမ်းရစားအုန်းဆီများ အပြည့်အဝရောင်းချပေးမှု ရှိ/မရှိ၊ ပြည်သူများအား ဈေးနှုန်းမြှင့်တင်ရောင်းချမှုရှိ/မရှိအခြေအနေ များကို မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ ခွဲတမ်းရစားအုန်းဆီများ ရောင်းချသည့် လက်လီဆိုင်ကြီးများအနေဖြင့် သတ်မှတ်သည့်ဈေးနှုန်းဖြင့် အိမ်ထောင်စုအလိုက် စားအုန်းဆီဝယ်ယူခွင့်စာအုပ်များဖြင့် စနစ်တကျ ရောင်းချပေးလျက်ရှိကြောင်းနှင့် နေ့စဉ်ရောင်းချသည့် ဈေးနှုန်းများကိုလည်း ဗီနိုင်းများဖြင့် စနစ်တကျ ချိတ်ဆွဲရောင်းချပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပင်စင်စားများကိုလည်း ရည်ညွှန်းဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် နော်ဝေနိုင်ငံကြက်ခြေနီအသင်းတို့ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၁**
မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် နော်ဝေနိုင်ငံကြက်ခြေနီအသင်းတို့၏ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ အစည်းအဝေး Partnership Review Talk between MRCS and NRC ကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Strand Hotel တွင် ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် နော်ဝေနိုင်ငံကြက်ခြေနီအသင်းတို့၏ ၂၀၂၄-၂၀၂၆ခုနှစ် အတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် အောင်မြင်မှုများ၊ စိန်ခေါ်မှုများကို ယခုအစည်းအဝေးတွင် ပြန်လည်သုံးသပ်ကာ လာမည့် ၂၀၂၇-၂၀၂၉ ခုနှစ် ကာလအတွက် ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များ Plan of Action ကို ရေးဆွဲချမှတ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် နော်ဝေနိုင်ငံကြက်ခြေနီအသင်းတို့သည် ၂၀၁၃ ခုနှစ်မှ စတင်ကာ တိုင်းဒေသကြီး /ပြည်နယ် (၈) ခုတို့တွင် လူမှုကရုဏာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် နော်ဝေနိုင်ငံကြက်ခြေနီအသင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ထိခိုက်လွယ်သော ရပ်ရွာလူထုထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကူအညီများကို ပေးနိုင်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးတွင် အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ဦးတည်ချက်များကို ချမှတ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နော်ဝေနိုင်ငံကြက်ခြေနီအသင်းမှ Country Representative Mr. Heman က နှုတ်ခွန်းဆက်စကားပြောကြားပြီး နော်ဝေနိုင်ငံကြက်ခြေနီအသင်းမှ Country Representative က ၂၀၂၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ အောင်မြင်မှုများ၊ ဖြည့်စွက်ရမည့် ကွက်လပ်များနှင့် စိန်ခေါ်မှုများကို ရှင်းလင်းကာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ပြည်တွင်း/ပြည်ပ ပူးပေါင်းဆောင်ရွက်ရေးဌာနမှ ဌာနမှူးက အစည်းအဝေး၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နော်ဝေနိုင်ငံကြက်ခြေနီအသင်းမှ စီမံချက်မန်နေဂျာတို့က ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး ကိုရီးယားနိုင်ငံကြက်ခြေနီအသင်းမှ Country Representative Mr. Eunki က မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရာတွင် ကျင့်သုံးသည့် အချက် (၇) ချက်ပေါ်တွင် ရရှိခဲ့သည့် ရမှတ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စီမံချက်များစီမံခန့်ခွဲမှုယူနစ်၊ ကျန်းမာရေးဌာနနှင့် ဒုတိယအထွေထွေအတွင်းရေးမှူးတို့က ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြသည်။

အစည်းအဝေးသို့ အသင်းဥက္ကဋ္ဌနှင့်အတူ အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးများ၊ ဌာနမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ နော်ဝေနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ တက်ရောက်ပြီး အဆိုပါ အစည်းအဝေးကို နှစ်ရက်ကြာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့မှ ပြေးခုန်ပစ်အားကစားနည်း မီတာ ၁၀၀ ပြိုင်ပွဲတွင် အားကစားသမား မလော်လာဝင်းက မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရရှိ

**ရန်ကုန် အောက်တိုဘာ ၂၁**
ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ကျင်းပလျက်ရှိသည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့တွင် မြန်မာမသန်စွမ်းပြေးခုန်ပစ်အားကစားနည်းမှ အားကစားသမား မလော်လာဝင်းက အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် စံချိန်(၁၄.၆၇) စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် တတိယကြေးတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၂ ရက် (၅) ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရေကူးအားကစားနည်းမှ အားကစားသမား ညီညီလင်းထက်က အမျိုးသား မီတာ ၁၅၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲအား လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ အားကစားသမား ဒုတပ်ကြပ် စံတင်က မီတာ ၄၀၀ အပြေးပြိုင်ပွဲအားလည်းကောင်း၊ အားကစားသမား ဇော်မင်းထွန်းက အမြင့်ခုန်ပြိုင်ပွဲတို့ကိုလည်းကောင်း အသီးသီးဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရေကူး၊ ပြေးခုန်ပစ်နှင့် တိုက်ကွမ်ဒိုအားကစားနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ အောက်တိုဘာ ၂၁ ရက်အထိ မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွက် ရေကူးအားကစားနည်းမှ ကြေးတံဆိပ်နှစ်ခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ကြေးတံဆိပ် တစ်ခု စုစုပေါင်း ကြေးတံဆိပ်သုံးခုတို့ကို ဆွတ်ခူးရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား / အမျိုးသမီး ဝိတ်တန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၂၁**
လက်ဝှေ့အားကစား အဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်လက်ဝှေ့အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ" အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ကျင်းပသည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (၄၈၊ ၅၄၊ ၅၇၊ ၆၀၊ ၆၃.၅၊ ၆၇၊ ၇၅၊ ၈၀) ကီလိုတန်းပြိုင်ပွဲများနှင့် အမျိုးသမီး (၄၈၊ ၅၀) ကီလိုတန်း ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၄၈)ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး အသင်းမှ လင်းထက်စံ(အပြာ)က ပဲခူးတိုင်းဒေသကြီး အသင်းမှ ဝေယံထွန်း(အနီ)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ခန့်ဖြိုးကျော်(အပြာ) က မကွေးတိုင်းဒေသကြီးအသင်းမှ ဖိုးလပြည့် (အနီ)ကို လည်းကောင်း၊ (၅၄) ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ထွန်းထက်ခိုင်(အပြာ)က ချင်းပြည်နယ်အသင်းမှ ဟာခေါင်ဧ(အနီ)ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ဖြိုးကျော်ကျော်(အနီ)က ကရင်ပြည်နယ်အသင်းမှ စောစိုးထက်စံ(အပြာ) ကိုလည်းကောင်း၊ (၅၇)ကီလိုတန်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းမှ ရဲဇော်(အပြာ)က မန္တလေးတိုင်းဒေသကြီး အသင်းမှ ကောင်းကင်ကြယ်(အနီ) ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဇဖဲထန်(အပြာ)က ရှမ်းပြည်နယ်အသင်းမှ ဖြိုးဝေထွန်း(အနီ)ကိုလည်းကောင်း၊ (၆၀)ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်သူရ(အပြာ)က ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ဇော်လင်းထွေး(အနီ) ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ သီဟအောင်(အနီ)က ကရင်ပြည်နယ်အသင်းမှ အောင်ခန့်ဖြိုး (အပြာ) ကိုလည်းကောင်း၊ (၆၃.၅)ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ အေးကိုဇင်(အပြာ)က ဧရာဝတီတိုင်းဒေသကြီး အသင်းမှ မင်းကျော်ဇင် (အနီ) ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ လုံဂျုံရိန်ကြွယ်နော်(အနီ)က မန္တလေးတိုင်းဒေသကြီး အသင်းမှ ဟိန်းစိုးဦး(အပြာ) ကိုလည်းကောင်း၊ အမျိုးသား(၆၇) ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဇင်မင်းကို(အနီ) က ကချင်ပြည်နယ်အသင်းမှ ယော်ဘောမ်(အပြာ) ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ အောင်မြင့်ထွန်း (အပြာ) က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ တန်မိုင်(အနီ)ကိုလည်းကောင်း၊ အမျိုးသား(၇၅)ကီလိုတန်း ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ စောဒဲနစ်ဗစ်တာဝါး(အပြာ) က ရခိုင်ပြည်နယ်အသင်းမှ ဟိန်းသန့်ဇင် (အနီ)ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ရဲလွင်ထွန်း(အပြာ)က ရှမ်းပြည်နယ်အသင်းမှ ထွန်းထွန်းဝင်း (အနီ) ကိုလည်းကောင်း၊ အမျိုးသား (၈၀) ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ကောင်းထက်ဇော်(အနီ)က ရှမ်းပြည်နယ်အသင်းမှ ဟန်ထူးလွင် (အပြာ) ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ကောင်းမြတ်သူ(အပြာ)က ပဲခူးတိုင်းဒေသကြီးအသင်းမှ သီဟကိုကို (အနီ) ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး (၄၈) ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဖူးပွင့်မြတ် (အပြာ) က ကရင်ပြည်နယ်အသင်းမှ အေးအေးနွယ်(အနီ) ကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ အိမ့်မြတ်သော်(အနီ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ လောမံ(အပြာ) ကိုလည်းကောင်း၊ (၅၀) ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ လဝန်းနွယ်(အနီ)က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ နော်တာဘလုစိုး(အပြာ) ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ သန္တာ(အနီ)က မကွေးတိုင်းဒေသကြီးအသင်းမှ ဖူးဖူး(အပြာ) ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံ အားကစားရုံ၌ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ" အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# Emerald Bay Tower-3 တိုက်ခန်းဝယ်ယူထားသူများနှင့် အများပြည်သူသိရှိနိုင်ရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်ရှိ Emerald Bay Tower 3, 5, 6 များကို ၂၀၂၀ ခုနှစ်ကတည်းက Pile Foundation Design ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ခွင့်ပြုပေးခဲ့ပြီး Pile (57) လုံးကို အောင်မြင်ပြီးစီးအောင် ရိုက်ခဲ့ပြီး Pile Load Test ကိုလည်း စမ်းသပ်အတည်ပြုပြီးဖြစ်ပါသည်။ အဲ့ဒီအချိန်မှာပဲ Covid-19 ကပ်ရောဂါကြောင့် လုပ်ငန်းရပ်ဆိုင်းထားခဲ့ရပြီး Covid-19 ကပ်ရောဂါအပါအဝင် မမျှော်မှန်းနိုင်သောဖြစ်ရပ်များကြောင့် လုပ်ငန်းဆက်လက် မဆောင်ရွက်နိုင်ဘဲ ၂၀၂၅ ခုနှစ်မှာ Pile Foundation ခွင့်ပြုချက် သက်တမ်းတိုးရန် အဆောက်အဦပုံစံနှင့်တကွ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားခဲ့ရာ (၂၈-၁- ၂၀၂၆) နေ့တွင် မူအားဖြင့် ခွင့်ပြုကြောင်းလက်မှတ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ခွင့်ပြုလက်မှတ်ထုတ်ပေးခဲ့ပါသည်။ ခွင့်ပြုလက်မှတ်ကို အထပ်အမြင့်အဆောက်အဦ ကြီးကြပ်ရေးကော်မတီထံ တင်ပြခဲ့ရာ ၂၀၂၅ ခုနှစ် မန္တလေး ငလျင်ဖြစ်ပွားပြီးနောက်ပိုင်း ငလျင်ဒဏ်ခံ အဆောက်အဦများ ဆောက်လုပ်ရန်အတွက် Soil Test များ ထပ်မံလုပ်ဆောင်စေခဲ့ပြီး ပြန်လည်တွက်ချက်ရန် ညွှန်ကြားလာခဲ့ပါသည်။ ယင်းညွှန်ကြားချက်အရ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအနေဖြင့် အထပ်မြင့် အဆောက်အဦအတွက် Emerald Bay Project Vs-30 (Seismic Method) ဟုခေါ်သော ဂျပန်နည်းပညာဖြင့် ငလျင်ပညာရှင်တွေ ပါဝင်သော မြေစမ်းသပ်မှု(Soil Test)များကို ဒုတိယအကြိမ်လုပ်ဆောင်ခဲ့ပြီး Structure ကျွမ်းကျင်တဲ့ Engineer များက ပြန်လည်တွက်ချက်၍ အထပ်မြင့်အဆောက်အဦ ကြီးကြပ်ရေးကော်မတီထံသို့ တင်ပြခဲ့ပါသည်။ အထပ်မြင့်အဆောက်အဦ ကြီးကြပ်ရေးကော်မတီက ခွင့်ပြုသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက (၅-၁၀-၂၀၂၆)ရက်နေ့တွင် Pile တည်ဆောက်ခွင့်ကို ခွင့်ပြုခဲ့ပါသည်။ ယင်းသို့ ခွင့်ပြုခဲ့သဖြင့် Emerald Bay Project ၏ Tower 3 ကို (၆-၁၀-၂၀၂၆)ရက်နေ့တွင် Pile ရိုက်သည့် အခမ်းအနားကျင်းပပြီး Tower 3 မှ အခန်းဝယ်ယူထားသူများကို ဖိတ်ကြား၍ တက်ရောက်လာသူများအား Pile ရိုက်ခြင်းကို လက်တွေ့ပြသ၍ သက်ဆိုင်ရာ၏ ခွင့်ပြုချက်များကိုလည်း ပြသခဲ့ပါသည်။

Emerald Tower 3 အခန်းများ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ Payment Plan တွင် (၂၄)ရစ် (၃၆)ရစ် စသည်ဖြင့် အရစ်များခွဲပြီး လစဉ် ပေးသွင်းရန် ရောင်းသူနှင့် ဝယ်သူများ စာချုပ်ချုပ်ဆိုထားခဲ့ပါသည်။ အဆိုပါ စာချုပ်များတွင် Tower 3 မှ ရောင်းချသည့် အခန်းများနှင့်စပ်လျဉ်း၍ အကြောင်းအရာ အချက်အလက်များ၊ ဥပဒေဆိုင်ရာ အချက်အလက်များကို ထည့်သွင်းထားပြီး အဆောက်အဦ ပြီးစီးမည့်ကာလကို (၃၁-၃-၂၀၂၉)ရက်နေ့ဟု ဖော်ပြ၍ ရောင်းသူနှင့် ဝယ်သူများက သဘောတူလက်မှတ် ရေးထိုးထားကြပါသည်။

Tower 3 တိုက်ခန်း အရောင်းအဝယ်စာချုပ်မှာ Tower 3 ပြီးစီးမည့်ရက်ကို (၃၁-၃-၂၀၂၉) ဖြစ်ကြောင်း ဖော်ပြ သဘောတူထားသော်လည်း အထက်တွင် ဖော်ပြသကဲ့သို့ Pile ရိုက်သည့်ကာလ (၄)လခန့် နောက်ကျခဲ့ရသည့်ဖြစ်ရပ်ကို တိုက်ခန်းဝယ်ယူသူများက ရှင်းလင်းစွာမသိရခြင်းနှင့် Social Media ပေါ်တွင် ဖော်ပြနေသည့် သတင်းများကြောင့် Tower 3 တိုက်ခန်းများကို ဝယ်ယူထားသူအချို့က စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ရောင်းချသူများက သိရှိလာခဲ့ရပါသည်။

Emerald Bay Project ၏ Phase 1 အနေဖြင့် ဆောင်ရွက်သည့် မြေသည် အမည်ပေါက် နှစ်(၆၀) ဂရန်မြေ၊ ဧရိယာ (၇.၆၃၈)ဧက အပေါ်တွင် Tower 1, 2, 3, 5, 6 (Tower 4 ဟူ၍ ထည့်သွင်းခြင်းမရှိပါ) ဟူသော Tower (၅)လုံးကို တည်ဆောက်မှာဖြစ်ပြီး Tower 1 နှင့် Tower 2 (၂)လုံးကို တည်ဆောက်ပြီးစီးခဲ့၍ BCC ရရှိပြီး ယင်း Tower (၂)ခုတွင် ဝယ်ယူထားသူများက နေထိုင်လျက်ရှိနေပြီဖြစ်ပါသည်။ Tower 1, 2, 3 Tower (၃)လုံး တည်ဆောက်ရာတွင် ပုဂ္ဂလိကပိုင် နှစ်(၆၀)ဂရန်မြေပေါ်တွင် ကိုယ်ပိုင်ငွေကြေး ဓနအင်အားဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး ယင်း Tower 1, 2, 3 တည်ဆောက်ခြင်းလုပ်ငန်းအတွက် Yangon Golden Paragon Investment Co., Ltd. အနေဖြင့် Payment Loan ကဲ့သို့သော ဘဏ်ချေးငွေ တစ်စုံတစ်ရာ ရယူထားခြင်းလည်း မရှိ၍ Tower 3 တည်ဆောက်ခြင်းလုပ်ငန်းသည် ခိုင်မာပြီး ယုံကြည်ရန် လုံလောက်သည့်အခြေအနေရှိကြောင်းလည်း ဖော်ပြလိုပါသည်။ Tower 1 နှင့် 2 တွင် ရောင်းချပြီးအခန်းများရှိသလို ရောင်းချခြင်းမပြုဘဲ နှစ်ချုပ်ဖြင့် ငှားရမ်းရန် ချန်လှပ်ထားသည့် တိုက်ခန်းများ၊ ဆိုင်ခန်းများရှိနေပါသည်။ ယင်းတိုက်ခန်းများ ဆိုင်ခန်းများ၏ ကာလတန်ဖိုးသည် ပေါက်ဈေးအရ ကျပ် ၁၃၀ ဘီလီယံခန့်ဖြစ်ပါသည်။ ယင်းအခြေအနေကို ကြည့်လျှင်လည်း Tower 3 ကို တည်ဆောက်နေသည့် Yangon Golden Paragon Investment Co., Ltd. အနေဖြင့် Tower 3 ကို အပြီး တည်ဆောက်နိုင်သည့် ငွေကြေး ဓနအင်အားရှိကြောင်း မြင်သာပါသည်။ ယင်းသို့ ငွေကြေးဓနအင်အားရှိသည်နှင့်အညီ Yangon Golden Paragon Investment Co., Ltd. အနေဖြင့် ဆောက်လုပ်ရေးပစ္စည်းများ (သံထည်ပစ္စည်းများအပါအဝင်)၊ ဆောက်လုပ်ရေးတွင် အသုံးပြုသည့် စက်ကိရိယာတန်ဆာပလာများ၊ ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများစသည်တို့ စုံလင်စွာဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေပါသည်။

Tower 3 တိုက်ခန်းများ အရောင်းအဝယ်စာချုပ်တွင် ရောင်းသူဘက်က (၃၁-၃-၂၀၂၉)ရက်နေ့တွင် ပြီးစီးအောင် တည်ဆောက်နိုင်ခြင်း မရှိပါက ပေးလျော်ရန် ကိစ္စကိုလည်းကောင်း၊ ဝယ်သူများက ပျက်ကွက်မှုအတွက် ပေးလျော်ရန်ကိစ္စကိုလည်းကောင်း၊ နှစ်ဖက် အငြင်းပွားမှုဖြစ်ပွားလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲအနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေအရ ဖြေရှင်းရန်ကိုလည်းကောင်း ဖော်ပြထားသည့်အပြင် ယင်းအရောင်းအဝယ်စာချုပ်ကို ရောင်းသူဝယ်သူတို့ နှစ်ဖက်သဘောတူညီချက်အရ ပြင်ဆင်နိုင်ကြောင်းကိုလည်း ဖော်ပြထားပါသည်။

Tower 3 တိုက်ခန်းများကို ဝယ်ယူသူများအနေဖြင့်လည်းကောင်း၊ ရောင်းသူအနေဖြင့်လည်းကောင်း၊ စာချုပ်ပါ သဘောတူညီချက်များကို လိုက်နာရန်တာဝန်ရှိကြသည်မှာ အငြင်းမပွားနိုင်ပါ။ Tower 3 တည်ဆောက်ရေးကိစ္စတွင် အထက်တွင် ဖော်ပြခဲ့သည့် ဖြစ်စဉ်ကြောင့် (၄)လခန့် နောက်ကျဆောင်ရွက်ခဲ့ရသော်လည်း ပြီးစီးရမည့်နေ့မှာ ရွှေ့လျားသွားခြင်းမရှိဘဲ စာချုပ်ပါ ဖော်ပြထားသည့်အတိုင်း (၃၁-၃-၂၀၂၉)ရက်နေ့ ဖြစ်ကြောင်း ဝယ်သူများ သတိပြုသိရှိစေလိုပါသည်။ ဝယ်သူများအနေဖြင့် ငွေပေးချေမှုအစီအစဉ်နှင့် စပ်လျဉ်း၍ (၄)လ၊ (၄)ရစ် နောက်ဆုတ်နိုင်ခွင့်ရှိပါကြောင်းနှင့် ယင်းသို့ အချိန်ကာလနောက်ဆုတ်ခြင်း ကိစ္စကို မူလစာချုပ်၏ နောက်ဆက်တွဲစာချုပ်အဖြစ် ရောင်းသူဝယ်သူ နှစ်ဖက်ညှိနှိုင်း ချုပ်ဆိုပေးမည်ဖြစ်ပါသည်။ ထို့ပြင် နေ့စဉ်သတင်းစာတွင် ဤကြော်ငြာထုတ်ပြန်သည့်နေ့မှစ၍ (၁)လ(တစ်လ)အတွင်း မိမိဝယ်ယူထားသည့် Tower 3 အခန်း၏ အကျယ်အဝန်း၊ အခန်း၏တန်ဖိုးနှင့် အထက်ဖော်ပြပါ Tower 1 နှင့် Tower 2 တွင် ချန်လှပ်ထားသည့် အသင့်နေထိုင်နိုင်သည့် အခန်းတစ်ခန်း၏ အကျယ်အဝန်းနှင့် အခန်း၏ တန်ဖိုးတို့ကို တွက်ချက်၍ ဝယ်သူက ထပ်မံပေးချေရန် လိုအပ်လျှင်လည်းကောင်း၊ ရောင်းသူက ပြန်အမ်းရန်လိုအပ်လျှင်လည်းကောင်း၊ ယင်းအချက်ကို ရောင်းသူနှင့်ဝယ်သူ နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်ဖြင့် အခန်းလဲလှယ်နိုင်ခွင့်ရှိပါသည်။

စုပေါင်းပိုင်အဆောက်အအုံ (Condominiums) ဖြစ်ရေးအတွက် Phase-1 ပြီးစီးသည့်အခါ စုပေါင်းပိုင် အဆောက်အအုံ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။ Tower -3 တိုက်ခန်းများကို ဝယ်ယူထားသူများအနေဖြင့် Tower- 3 ဆောက်လုပ်ရေးနှင့် သက်ဆိုင်သောစာရွက်စာတမ်း အထောက်အထားများကို Emerald Bay Project အရောင်းဌာနတွင် အချိန်မရွေးလာရောက်ကြည့်ရှုနိုင်ပါသည်။

**Emerald Bay Project**

**Yangon Golden Paragon Investment Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ခင်မောင်မောင် (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၅၇၈၃)**

**အခန်း(၇၀၇)၊ ဘုရင့်နောင်တာဝါ (2-B)၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်။**

**09-5135499, 09-459012013**

## AI VIDEO CLIP ပြိုင်ပွဲဖိတ်ခေါ်ခြင်း

ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ဘက်စုံအထောက်အကူပြုရေးအဖွဲ့ (MORS) မှ စီစဉ်ကျင်းပမည့် ပဉ္စမအကြိမ် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် မော်တော်ယာဉ်ပြပွဲကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ၊ ဒီဇင်ဘာလခန့်တွင် ရန်ကုန်မြို့တွင် ကျင်းပရန် စီစဉ်ထားရှိပါသည်။ အခမ်းအနားဖွင့်ပွဲကျင်းပမည့်နေ့ ဆုချီးမြှင့်ပွဲတွင် AI VIDEO CLIP 3 min နှင့် 5 min အကြားရှိ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်လျော့နည်းကျဆင်းရေးအတွက် အသိပညာပေး ဇာတ်လမ်းတိုအား အောက်ပါခေါင်းစဉ်များနှင့် စည်းကမ်းချက်များ သတ်မှတ်ထားရှိပါသည်–

(က) ဆုကြေး – ပထမ (၃၀) သိန်း၊ ဒုတိယ (၂၅) သိန်း၊ တတိယ (၂၀) သိန်း၊ နှစ်သိမ့်ဆု (၂) ဆု (၁၀) သိန်းစီ + ဂုဏ်ပြုလွှာ

(ခ) **ပြိုင်ပွဲဆောင်ပုဒ်ခေါင်းစဉ်များ**
- (၁) Road Safety to Smart Society (Powered by AI)
- (၂) Road Safety for a Better Society
- (၃) Safe Roads, Better Lives
- (၄) AI for Road Safety – Safe Roads, Better Lives
- (၅) Three Minutes of Creativity, A Lifetime of Safety

(ဂ) **စည်းကမ်းချက်များ**
- (၁) ပြိုင်ပွဲဝင်ခြင်းသည် စည်းကမ်းချက်များအား လက်ခံခြင်းဖြစ်သည်။
- (၂) ဗီဒီယိုတွင် ပါဝင်သော ဇာတ်ကောင်များ၊ အသံ၊ နောက်ခံနှင့် Visual Effect များသည် AI Tools များ အသုံးပြု၍ ဖန်တီးထားသည့် မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီသော လမ်းအဆောက်အအုံနှင့် နောက်ခံရှုခင်း၊ ဝတ်စားဆင်ယင်မှုတို့ ဖြစ်ရမည်။

(ဃ) **နည်းပညာအသုံးပြုမှု**
- (၁) Video Format : MP4
- (၂) Resolution – Minimum Full HD (1920x1080)
- (၃) Aspect Ratio – (4 : 3)
- (၄) Video Title & Creator Name ဖော်ပြရမည်။

(င) ပြိုင်ပွဲဝင် အေအိုင်ဗီဒီယိုများကို (၁၁–၁၁–၂၀၂၆)ရက် (၁၈:၀၀)နာရီအချိန် နောက်ဆုံးထား၍ အောက်ပါ email နှင့် Viber ဖုန်းနံပါတ်များသို့ တိုက်ရိုက်ပေးပို့နိုင်ပါသည်။

Email: morygn@gmail.com

Viber: 09–450112960

(စ) အသေးစိတ်အချက်အလက်များ သိလိုပါက အောက်ပါတို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်
- (၁) MORS ရုံးဖုန်း 09–450112960 email: morsygn@gmail.com
- (၂) အတွင်းရေးမှူးဖုန်း 09–421110555 email: myanmarheart@gmail.com

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားခြင်းကြေညာစာ

ရေတာရှည်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ အကွက်အမည်–ရေတာရှည် ဗိုလ်တဲရပ်ကွင်း၊ ဦးပိုင်အမှတ်(၉၉/ခ/၁)၊ ဧရိယာ(၀ဒသမ၀၅၇) ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် –

(က) အရှေ့လားသော်–ဦးပိုင်အမှတ်(၉၉/ခ/၂)၊ (ခ) အနောက်လားသော်–ဦးပိုင်အမှတ်(၉၉/က၊ဂ) တောင်လားသော်–ဗန္ဓုလလမ်း၊ (ဃ) မြောက်လားသော်–ဗိုလ်ချုပ်လမ်း အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်သီတာစိုးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ရေတာရှည်မြို့နယ်မြေစာရင်းဦးစီးဌာန ၊ ရေတာရှည်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ကလောခရိုင်၊ ညောင်ရွှေမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၇/နန္ဒဝန်တောင်ရပ်)၊ ဦးပိုင်အမှတ် (၆၀/၃)၊ မြေကွက်အမှတ် (63/126)၊ ဧရိယာ (၀ ဒသမ ၁၇၇) ဧကရှိ မြေကွက်အား တောင်ကြီးခရိုင် အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနရုံး၏ ၁၃–၉–၁၉၉၆ ရက်စွဲပါ အမှုတွဲအမှတ် (၈/၁၉၉၆)အရ နှစ် (၃၀) သက်တမ်းရှိ မြေငှားဂရန်အား ဦးဝင်းမြင့်ဦး အမည်ဖြင့် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ ယခုအခါ ယင်းမြေငှားဂရန်မှာ ၁၂–၉–၂၀၂၆ ရက်တွင် သက်တမ်းကုန်ဆုံးသွားပြီးဖြစ်သဖြင့် ဦးဝင်းမြင့်ဦး (၁၃/ညရန(နိုင်)၀၅၅၄၈၁) အမည်ဖြင့် မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက(၁၂)လမ်း၊ အမှတ်(၃၀၄) တွင် ဒုတိယထပ်(၃-လွှာ) (ခေါင်းရင်းခြမ်း)၊ အခန်းအမှတ်(3B) (၁၇ x ၅၄)ပေရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက (၁၂)လမ်း၊ မြေကွက် အမှတ် (၃၀၄) ပေ(၄၀x၆၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်ခန်းများအနက်မှ ဒုတိယထပ်(၃–လွှာ) အခန်းအမှတ် (3B)(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၇ x ၅၄)ပေရှိ တိုက်ခန်းအပါအဝင် ရေ၊ မီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်သူ ဒေါ်မေမီကျော် (၉/မခန(နိုင်)၂၁၆၃၃၈)က မိမိကသာ တရားဝင်ပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်ဝါဝါသိန်း ၊ မောင်ကောင်းစည်သူလင်းတို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက် ပြသကန့်ကွက်နိုင်ပါသည်။ ယင်းရက်သတ်မှတ်ရက် ကျော်လွန်က ဤတိုက်ခန်းအရောင်းအဝယ်ကို အပြီးအပိုင် ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝါဝါသိန်း၊ မောင်ကောင်းစည်သူလင်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်စုစုအောင် (LL.B)** | **ဒေါ်ဖွေးလဲ့ဖြူ (LL.B)** |
| **(စဉ်–၁၃၄၉၈/၂၀၁၇)** | **(စဉ်–၅၃၁၃၁/၂၀၂၀)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း – ၀၉၇၇၈၉၄၀၂၀၆**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၃၇၃)
## သန်လျင်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၅၄

**ကွယ်လွန်သူ ဦးရွှေ၊ ဒေါ်သန်းသန်းတို့၌ ကျန်ရစ်သောပစ္စည်းအကြောင်း**

**ဦးဆန်းလင်းဗိုလ်** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘယက်ကျေးရွာနေ ဦးဆန်းလင်းဗိုလ်က ကွယ်လွန်သူ ဦးရွှေ၊ ဒေါ်သန်းသန်းတို့၏ သားဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘယက်ကျေးရွာနေ ကွယ်လွန်သူ ဦးရွှေ၊ ဒေါ်သန်းသန်းတို့ ကျန်ရစ်သော ပစ္စည်းများထဲမှပေးရန်နှင့် ရရန်ရှိသော ကြွေးမြီများပေါ်တွင်လည်းကောင်း၊ အခြားကိစ္စများ ပေါ်တွင်လည်းကောင်း ဆောင်ရွက်နိုင်ရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးရွှေ၊ ဒေါ်သန်းသန်းတို့ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးဆန်းလင်းဗိုလ်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(ခင်မျိုးသင်း)
ဒုတိယခရိုင်တရားသူကြီး(၄)
သန်လျင်ခရိုင်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 18W/19541 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/4902 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/4902, Mazda CX5 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဦး ၁၃/ကခန(နိုင်)၀၁၈၇၀၃ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/47497, DAYANG 110 ယာဉ်လက်ဝယ်ရှိသူ Immortal MOE Co.,Ltd. က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၄–ခ/နန္ဒဝန်)၊ ဦးပိုင်အမှတ်(၁၄–ဇ)၊ မြေဧရိယာ (၀ဒသမ၀၇၄)ဧကရှိ မြေအကျိုးခံစားခွင့်များကို ဒေါ်ဝါဝါလွင် (၉/အမရ(နိုင်)၁၀၄၅၈၄)က ဦးပိုင်ခွဲ/မြေငှားဂရန် အမည်ပြောင်း လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၁၂၂)တွင် မြေညီထပ်(ထပ်ခိုးပါ)၊ အခန်းအမှတ်(A-1) (ခြေရင်းခန်း) (၁၂ ½ x ၅၀)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၁၂၂) မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်ခန်းများအနက်မှ မြေညီထပ်(ထပ်ခိုးပါ)၊ အခန်းအမှတ်(A–1) (ခြေရင်းခန်း) (၁၂ ½ x၅၀)ပေရှိ တိုက်ခန်းအပါအဝင် ရေ၊ မီးအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကန်ထရိုက်တာ ဦးဝင်းမောင် ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်တင်ဌေး (၁၂/သဃက(နိုင်)၀၀၃၇၄၀) က မိမိကသာ တရားဝင်ပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်မင်းမင်းပြုံး (၁၂/မဂတ(နိုင်)၀၂၁၁၁၃)၊ ဒေါ်ဝတ်မှုံဝင်း (၇/ညလပ(နိုင်)၁၃၂၆၈၈)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်း အထောက်အထားများ နှင့်တကွ ယခုကြော်ငြာပါ သည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ ယင်းနေ့သတ်မှတ်ရက်ကျော်လွန်က ဤ တိုက်ခန်းအရောင်းအဝယ်ကို အပြီးအပိုင်ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက် ဆောင်ရွက် သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မင်းမင်းပြုံး၊ ဒေါ်ဝတ်မှုံဝင်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်စုစုအောင် (LL.B)** | **ဒေါ်ဖွေးလဲ့ဖြူ (LL.B)** |
| **(စဉ်–၁၃၄၉၈/၂၀၁၇)** | **(စဉ်–၅၃၁၃၁/၂၀၂၀)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း – ၀၉–၇၇၈၉၄၀၂၀၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၈၄

| | | |
|---|---|---|
| ဦးသန့်ဦး | နှင့် | ဒေါ်ထားထားရီ |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ(၁)လမ်း၊ အမှတ် (၁၃၀၀/ဘီ) နေ ဒေါ်ထားထားရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ၊ ၄ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၊ ၉ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင့်ဝါဖေဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၈၀

| | | |
|---|---|---|
| ဦးကျော်သူရ | နှင့် | ဒေါ်ခင်သိန်းဝင်း |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗညားနွဲ့လမ်း၊အမှတ်(၆၄၇) နေ ဒေါ်ခင်သိန်းဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊အောက်တိုဘာလ၊ ၃၀ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင့်ဝါဖေဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

### အများသိစေရန်ကြေညာချက်

၁။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း(၄)လမ်း၊ မြေကွက်အမှတ်(၁၉၇)တွင် (၂)ခန်းတွဲ(၆)ထပ်တိုက် (Pitch Roof) (လူနေရန်၊ ၁၂ခန်း) အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင် ဒေါ်အေးမြတ်မွန်၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာဦးသန်းထွေး(RSE-Construction-3655)နှင့်လိုင်စင်ရကန်ထရိုက်တာ ဦးစိန်လှ(LC-451)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏၁၉–၁–၂၀၂၆ ရက်စွဲပါစာအမှတ်၊ BP1-13450-BP3-4616 ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ(၂)ခန်းတွဲ(၆)ထပ်တိုက် (Pitch Roof)(လူနေရန်၊ ၁၂ခန်း) အဆောက်အဦအား ဆောက်လုပ်လိုခြင်းမရှိတော့ပါသဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ခွင့်ပြုပါရန် မြေရှင်၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာနှင့် လိုင်စင်ရကန်ထရိုက်တာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၅၈ (B) x ၃၀ (E) လမ်းထောင့်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၁) ၊ ဦးပိုင်အမှတ် (၁၃)၊ ဧရိယာ (၀ဒသမ၀၅၅၁)ဧကအတွင်းမှ မြောက်ဘက်ခြမ်း ပေ(၃၀x၄၀) အကျယ်အဝန်းရှိ ဦးလှကြည် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်သင်းသင်းလှ ပါ–၃ ဦးတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မေငြိမ်းသူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်မေငြိမ်းသူ** | **ဦးသူရအောင် (LL.B)** |
| **(၉/မဟမ(နိုင်)၀၀၆၅၅၈)** | **တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၆၁၁)** |
| | **၆၄ (A)၊ ၂၀x၂၁ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊** |
| | **မန္တလေးမြို့၊ ဖုန်း–၀၉–၂၅၅၂၅၃၅၉** |

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ သူနာပြုတက္ကသိုလ်တွင် ပထမနှစ်တွင် တက်ရောက် ပညာသင်ကြားနေသော မခိုင်သဇင်ကျော်၏ ဖခင် ဦးကျော်နိုင်၏ အမည်မှန်မှာ ဦးကျော်ကျော်နိုင် ၈/အလန (နိုင်)၁၆၅၁၁၂ဖြစ်ပါကြောင်း

**ဦးကျော်ကျော်နိုင်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 14W/72093 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ရှမ်းပြည်နယ်ရုံး**
**(တောင်ကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/9932 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ် ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/5962 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ဖျာပုံ)**
**ဖျာပုံမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ သဝန်ငယ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် –၂/မဟာစည်၊ ဦးပိုင်အမှတ်(၆၈)၊ ဧရိယာ(၀.၁၂၄)ဧကရှိ မြေအား ဒေါ်အိအိခိုင်အမည်ဖြင့် သက်တမ်းတိုး/အမည်ပြောင်း မြေငှားဂရန် လာရောက်လျှောက် ထားလာပါသောကြောင့် ကန့်ကွက်လိုသူများ အနေဖြင့် ခိုင်မာသည့် အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ တောင်ငူမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2R/1589, CDW CDW 3, 2041C3, Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ထွန်း ၉/မဟမ(နိုင်)၀၀၂၇၁၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## အလိမ္မာ စာမှာရှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန
## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
## (၂၀၂၆ ခုနှစ် ၊ အောက်တိုဘာလ ၂၂ ရက်)

၁။ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါရာထူးနေရာများတွင် ခန့်ထားရန်အတွက် သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း ကျပ် | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀ -၂၂၆,၀၀၀) | (၂) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။ |
| ( ခ ) | အငယ်တန်းစာရေး (၁၈၀,၀၀၀-၂,၀၀၀ -၁၉၀,၀၀၀) | (၃) နေရာ | တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

( ဂ ) ဒုတိယဦးစီးမှူးရာထူးနေရာအတွက် အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့၊ နိုင်ငံတကာဆက်ဆံရေး ပညာဘွဲ့နှင့် စီးပွားရေးပညာဘွဲ့ရရှိသူများကို ဦးစားပေးရွေးချယ်ခန့်ထားမည်။

(ဃ) သတ်မှတ်ချက်များနှင့်ကိုက်ညီသူသည် ရာထူးနေရာနှစ်ခုစလုံး လျှောက်ထားခွင့်ရှိသည်။

( င ) ၂၅-၁၀-၂၀၂၆ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၂၈ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင်း ဖွင့်လှစ်သည့်သင်တန်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သည့်သင်တန်းများသို့ တက်ရောက်နိုင်သူ ဖြစ်ရမည်။

( စ ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူပါရှိရမည်။

( ဇ ) ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး ၃ နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(ဈ ) လျှောက်ထားသူသည် အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများမဖြစ်စေရ။ (ယခင်ဝန်ထမ်းအဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးပါက သို့မဟုတ် ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏ နုတ်ထွက် ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ ပူးတွဲတင်ပြရမည်။)

၃။ လျှောက်ထားသူသည် လျှောက်လွှာပုံစံများကို NSPNC Website Page (www.nspnc.gov.mm) သို့မဟုတ် ရုံးအမှတ်(၂၀)သို့ ရယူပြီး လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများကို ပြည့်စုံစွာတင်ပြရမည်။

၄။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန၊ရွှေပြည်မဏ္ဍိုင်လမ်း၊ ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူ၍ ၁၆-၁၁-၂၀၂၆ ရက်အရောက် လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ အထက်ပါရာထူးနေရာများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များ ပါဝင်သည့် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုရမည်-

(က) ဒုတိယဦးစီးမှူးရာထူး ရေးဖြေစာမေးပွဲ - ၁၈-၁၁-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့)

( ခ ) အငယ်တန်းစာရေးရာထူး ရေးဖြေစာမေးပွဲ - ၁၈-၁၁ -၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့)

၇။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ ၁၉-၁၁-၂၀၂၆ရက်( ကြာသပတေးနေ့) တွင် လူတွေ့နှင့် ကွန်ပျူတာစစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ခုံအမှတ်နှင့် စာမေးပွဲကျင်းပပြုလုပ်မည့် အချိန်နှင့် နေရာတို့ကို NSPNC Website Page (www.nspnc.gov.mm) တွင် ကြေညာသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဦးစီးဌာန၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဖုန်း ၀၆၇-၃၄၀၉၂၈၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ မြေတိုင်းအမှတ်(၁၅စီ)၊ ကွင်းအမည်(စာတိုက်ရပ်)၊ ဦးပိုင်/မြေကွက်အမှတ်(၁၀[ခ])၊ မြေဧရိယာ(၀.၁၇၆) ဧကရှိမြေအား ဦးခင်ဇော်သောင်း(ကိုယ်စား)တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ မှ အသစ်မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အသစ်မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၁ နှင့်၅ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၇၈

ဦးကျော်ကျော်လွင် **နှင့်** ဒေါ်သန်းစိန်

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အောင်ဘောဂလမ်း၊ အမှတ်-၁၅၆ နေ တရားပြိုင် ဒေါ်သန်းစိန်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ အောက်တိုဘာ ၃၀ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလို သည့် လိုအပ်သောအထောက်အထားစာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(နှင်းယုလွင်)**

**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ
## အမည်ပြောင်းလျှောက်ထားခြင်းကြေညာစာ

ရေတာရှည်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ အကွက်အမည်-ရေတာရှည်ဗိုလ်တဲရပ်ကွင်း၊ ဦးပိုင်အမှတ်(၉၉/ခ-၂)၊ ဧရိယာ(၀.၀၆၈)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့် -

(က) အရှေ့လားသော်-ဦးပိုင်အမှတ်(၁၀၀)၊ (ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၉၉/ခ/၁)၊ (ဂ) တောင်လားသော်-ဗန္ဓုလလမ်း၊ (ဃ) မြောက်လား သော်-ဗိုလ်ချုပ်လမ်း

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်သီတာစိုးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ရေတာရှည်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရေတာရှည်မြို့**

## "နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း"

ကျောက်ပန်းတောင်းမြို့နယ်၊ ဆူးတပ်ကျေးရွာနေ (ဘ) ဦးမောင်ထွေး၏သား ဦးကျော်လွင် (ခ) ဘိုကြယ်နှင့် ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်နေ (ဘ) ဦးတင်စိန်၏ သမီးဖြစ်သူ မခင်သူဇာဝင်း၊ ၉/ကပတ(နိုင်)၂၃၈၁၀၂ တို့သည် (၉-၉-၂၀၂၆) ရက်တွင် သက်ဆိုင်ရာ လူကြီးမိဘများ၏ သဘောတူညီချက်ဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ကွာရှင်းပြတ်စဲခြင်းမှန်ကန်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မခင်သူဇာဝင်း၏ လွှဲအပ်ချက်အရ**
**ဦးဝေဖြိုးကိုကို အထက်တန်းရှေ့နေ(စဉ်-၃၃၉၈၅)**
**မကျီးချောက်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့၊ဖုန်း-၀၉-၆၈၂၀၅၁၅၅၀**

## သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဆန်းနယ်မြေ၊ မြို့သစ်ရပ်နေ ဦးဆွေလှိုင်ဦး ၉/မထလ (နိုင်)၂၆၇၇၈၄ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ၂-၂-၂၀၂၅ ရက်တွင် နှစ်ဦးသဘောတူဝန်ခံကတိစာချုပ်ပါ ငွေကိစ္စနှင့်ပတ်သက်၍ ငွေယူသူနှင့်ဖြေရှင်းရန်ဖြစ်သည်။ ကျွန်ုပ်မိတ်ဆွေ၏ မိသားစုများနှင့် သက်ဆိုင်ခြင်းမရှိပါ။ ယင်းကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေနှင့် မိသားစုဝင်များ၏ ဂုဏ်သိက္ခာထိခိုက်နစ်နာစေရန် ပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးဝေဖြိုးကိုကို အထက်တန်းရှေ့နေ(စဉ်-၃၃၉၈၅)**
**မကျီးချောက်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၆၈၂၀၅၁၅၅၀**

## အများသိစေရန် အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ မေတ္တာ(၁)လမ်း၊ အိမ်အမှတ်(၄/၀၅၃၆)နေထိုင်သော ဦးထက်လင်းအောင် (၃/မဝတ(နိုင်)၀၆၉၁၂၅)၏ညီဖြစ်သူ မောင်ထူးလင်းအောင်(ဘ)ဦးမင်းဇော် (၃/မဝတ(နိုင်)၀၆၉၁၁၈)သည် မိဘ၊ ညီအစ်ကို၊ မောင်နှမများ၏ ဆိုဆုံးမမှုများကို နားမထောင်ဘဲ ၎င်း၏ဆန္ဒအလျောက် ပြုလုပ်လျက်ရှိပြီး၊ မိဘနှင့် ညီအစ်ကို မောင်နှမများ၏ ဂုဏ်သိက္ခာကို ကျဆင်းစေအောင် အကြိမ်ကြိမ်ပြုမူခဲ့ပြီး စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူနေပါသဖြင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝများ၊ လုပ်ဆောင်ချက်များသည် မိဘ၊ ညီအစ်ကို မောင်နှမများနှင့် မသက်ဆိုင်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် အကြောင်းအရာအားလုံးကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးထက်လင်းအောင်(ဘ)ဦးမင်းဇော် ၊ ၃/မဝတ(နိုင်)၀၆၉၁၂၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/မြို့မမြောက်ရပ်)၊ မြေကွက်အမှတ် (ပ-၃၃၄၇၈) ၊ အကျယ်အဝန်း ပေ(၄၀ x ၆၀) ၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်သက်ဦး (ဘ) ဦးတင်ဝင်း (၉/ပဗသ(နိုင်)၀၂၃၁၂၃) က ကျွန်ုပ်မိတ်ဆွေဖြစ်သူအား အပြီးအပိုင်လက်ရောက်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ယနေ့ကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမာလာ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၉၉၄)**
**ပ-၃၂၇၃ ၊ ငုရွှေဝါလမ်း ၊ ဝဏ္ဏဒီပရပ်ကွက် ၊ ပုဗ္ဗသီရိမြို့ ၊**
**နေပြည်တော်၊ဖုန်း-၀၉-၄၀၀၄၂၉၅၉၇**

## အမည်မှန်နှင့် ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မော်ဒယ်စတား ကိုယ်ပိုင်အထက်တန်းကျောင်း Grade-7 မှ မောင်ဆာမူအဲလ်လားဒင့်ထား ၏ အမည်မှန်မှာ မောင်ရှဲမွလ်လာလ်ဒင့်ထန်း ဖြစ်ပြီး ၎င်း၏ဖခင် ဦးငွန်ဘွာလ်ထန်း၏ အမည်မှန်မှာ ဦးငွန်ဘွလ်ထန် ၄/ဖလန(နိုင်)၀၂၈၈၈၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ရန်ကင်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၈၂-အောင်ဇေယျ)၊ ဦးပိုင်အမှတ် ( ယခင်(၃၄-က)၊ ယခု(၃၇) )၊ ဧရိယာ( ၀ဒသမ၀၆၃ ) ဧကရှိ မြေနေရာသည် မြို့မြေအမှုတွဲအမှတ်၊ ၄၀၁/၁၉၉၅ အရ ဦးပေါသိန်းအမည်ဖြင့် ( ၉-၂-၁၉၉၆ မှ ၈-၂-၂၀၂၆ ထိ) နှစ်(၃၀) ချထားပေးသော မြေဖြစ်ပြီး အဆိုပါ မြေငှားစာချုပ်မှာ (၈-၂-၂၀၂၆) ရက်တွင် မြေငှားစာချုပ် သက်တမ်းကုန်ဆုံးပြီဖြစ်၍ ဦးပေါသိန်း အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၁၇-၁၀-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွှေကူရပ်ကွက်၊ လမ်းရှည်လမ်း၊ အမှတ်(၄၁၅) နေ ဒေါ်ယုဇနလင်း (ဘ) ဦးကျော်မိုး ၇/ပမန(နိုင်)၁၃၇၄၁၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယုဇနလင်း (Yuzana Moe/Ma Yu)သည် လူမှုပတ်ဝန်းကျင်နှင့် ဆိုရှယ်မီဒီယာပေါ်တွင် ကောင်းသောဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်လျက်ရှိသူတစ်ဦးဖြစ်ပါသည်။ မကြာသေးမီအချိန်က ကျွန်ုပ်မိတ်ဆွေ ဒေါ်ယုဇနလင်း၏ နာမည် ဂုဏ်သတင်းအား ထိခိုက်နစ်နာစေမည်ကိုသိရှိပါလျက်နှင့် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အသရေပျက်စေရန်၊ လုပ်ငန်းကိစ္စများအား ထိခိုက်နစ်နာစေရန် တမင်ရည်ရွယ်၍ လူပုဂ္ဂိုလ်တချို့မှ မဟုတ်မမှန်သောသတင်းများ လုပ်ကြံဖန်တီးကာ ကျွန်ုပ်၏မိတ်ဆွေအား စိတ်အနှောင့်အယှက် ဖြစ်စေရန် ရည်ရွယ်၍ Online Social Media ဖြစ်သော Facebook စာမျက်နှာများပေါ်တွင် မမှန်မကန်ဂုဏ်သိက္ခာထိခိုက်စေသော အကြောင်းအရာများကို တမင်ရေးသား ဆောင်ရွက်နေသူများ ရှိနေကြောင်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေကို ဆိုရှယ်မီဒီယာမှဖြစ်စေ၊ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ မမှန်ကန်သည့်အကြောင်းအရာများကို ရေးသားဖြန့်ဝေခြင်း၊ ထပ်ဆင့်မျှဝေခြင်း၊ ကူးယူဖော်ပြခြင်းများ အပါအဝင် ယင်းကဲ့သို့သော ဥပဒေမဲ့ ဆောင်ရွက်ချက်များကို မပြုလုပ်ပါရန်နှင့် အဆိုပါ မမှန်မကန်ရေးသားဖြန့်ဝေခြင်းများအပေါ် တုန့်ပြန်ခြင်း၊ မှတ်ချက်ပေးခြင်းများ ပြုလုပ်ဆောင်ရွက်ထားသူများအပေါ် ယနေ့မှစ၍ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **(လွှဲအပ်ညွှန်ကြားသူ)** | **ဒေါ်ယုဇနလင်း(Yuzana Moe/Ma Yu)၏** |
| **ဒေါ်ယုဇနလင်း** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| | **ဒေါ်မြင့်သူဇာဦး (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ( စဉ်-၈၉၉၂)** |
| | **အမှတ်(၄၁၀-က)၊ တီကျစ်ဆိုလမ်း၊** |
| | **ဆင်စုရပ်ကွက်၊ပြည်မြို့၊ ဖုန်း-၀၉-၄၃၁၀၄၂၄၈** |

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ယာခင်းရှင်ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-8မှ မောင်လရောင်ထွန်း၏ ဖခင်အမည်မှန်မှာ မွေးစာရင်း၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများအရ ဦးနန်းနွယ်အောင် ၅/မရန(နိုင်) ၂၉၆၃၇၃ ဖြစ်ပါကြောင်း။ **ဦးနန်းနွယ်အောင် ၅/မရန(နိုင်) ၂၉၆၃၇၃**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ် အလက ရွှေမင်းဝင် Grade-7 မှ မောင်အောင်ရဲလင်း၏ ဖခင်အမည်မှန်မှာ ဦးလင်းလင်းဦး ၇/တငန(နိုင်)၁၇၀၃၆၄ ဖြစ်ပါသည်။

**ဦးလင်းလင်းဦး**

## ဘိုးဘပိုင် / မြေပိုင်အခွင့်အရေး ရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၆၉)၊ ဘုရားကြီးတောင်ဘက်အကွက်၊ ဦးပိုင်အမှတ်(၁၃၂[ဂ])၊ မြေဧရိယာ (၀.၂၄၈) ဧကရှိ မြေကွက်အား အရှေ့ဘက် - ဦးပိုင်အမှတ်(၁၃၂[ဃ])၊ အနောက်ဘက်- ဦးပိုင်အမှတ် (၁၃၂[က]+၁၃၃[ခ])၊ တောင်ဘက်- သထုံ - ဘားအံကားလမ်း၊ မြောက်ဘက်သိမ်ချောင်လမ်းရှိမြေကို (ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း ) ပေးရန် ဦးလွင်မောင်မောင်နှင့် ဒေါ်တင်တင်ဌေးတို့မှ လျှောက်ထားလာသည့်အတွက် ဦးလွင်မောင်မောင်နှင့် ဒေါ်တင်တင်ဌေးတို့၏ အမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့နယ်ဦးစီးဌာနမှူး**

**သထုံမြို့နယ်မြေစာရင်းဦးစီးဌာန**
**သထုံမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/5813 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ လားရှိုးကြီးရပ်ကွက်၊ အကွက်အမှတ်(၄၇/မန်ဆူဘုရားကုန်း)၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ(၀ဒသမ၁၅၉)ဧက၊ အမှုတွဲအမှတ်၊ ၇၃၆-၅/၂၀၀၃-၂၀၀၄(အေ)ဖြင့် ဦးယွီးလင် ၁၃/ကလတ(နိုင်)၀၂၁၅၁၉ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ဦးယွီးလင်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးရဲပြည့်အောင်၊ ၁၂/သဃက(နိုင်)၁၉၂၄၆၇ မှ စာချုပ်အမှတ် (၂၇၇၂/၂၀၂၆) ဖြင့် ဒေါ်နန်းခမ်းညွန့် ၁၃/မရတ(နိုင်)၀၁၃၁၁၆ ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဒေါ်နန်းခမ်းညွန့် အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်နေ့မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်နန်းခမ်းညွန့် ၁၃/မရတ(နိုင်)၀၁၃၁၁၆ အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)ရှိ ဒေါ်အေးအေးခိုင် (ဘ) ဦးဘုန်းကြွယ် ၅/ခဥတ(နိုင်)၀၀၆၀၅၅ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(၁၁၆)၊ ဧရိယာ(၀.၀၈၃) ဧကအား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်မှ လေလံဆွဲဝယ်ယူရရှိထားသူ ဦးကျောင်တယ် (ခ)အောင်ဝင်း (ဘ) ဦးကျောင်ထင်ချိုင့် ၁၃/လရန(နိုင်)၂၁၇၂၉၅ မှ ၎င်းအမည်ပေါက်ဖြင့် မြေငှားစာချုပ် အမည်ပေါက်ပြောင်းလဲပေးပါရန် မြေငှားစာချုပ်၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမကြီးမှုအမှတ်-၄၃/၂၀၁၈ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇရီမှုအမှတ်- ၁၄/၂၀၁၉ ထုံးပုံကျအပြီးသတ်အမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှပဒါးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၇၉[က])၊ ကြီးပင်ဆိပ်ကွင်း၊ ဦးပိုင်အမှတ် (၃/ခ)၊ ဧရိယာ(၈.၁၄)ဧကအနက်မှ တရားဝင်ခွဲစိတ်ထားသော ဦးမျိုးဝင်းအမည်ပေါက်ပိုင်ဆိုင်သည့် ဧရိယာ(၁.၀၀) ဧကရှိလယ်မြေနှင့် ၎င်းလယ်မြေ၏ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးဝင်း (၁၄/ညတန(နိုင်)၁၀၀၆၆၇) မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလိုကြောင်းအဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲလင်းဖြိုး (၁၂/ဥကတ(နိုင်)၁၆၆၃၂၄)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိခိုင် အထက်တန်းရှေ့နေ (စဉ်-၅၄၇၅၈)**
**အမှတ်(၆၆၃)၊ တရုတ်ကျောင်းလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**Ph: 09-898224541, 09-452333490**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးအဖွဲ့ပိုင် ရွှေလျားဆေးကုသယာဉ် (၂) စီးအား ငှားရမ်းပြီး လိုအပ်ချက်ရှိသော နေရာဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ဆောင်နိုင်သော ပုဂ္ဂလိကကုမ္ပဏီများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၁၀-၂၀၂၆ ရက်မှ ၅-၁၁-၂၀၂၆ ရက်ထိ

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်နေ့ရက်၊ အချိန်** - ၁၉-၁၁-၂၀၂၆ ရက် (၁၆:၃၀) နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - လူမှုဖူလုံရေးရုံးချုပ်၊ အမှတ်- ၃/၇၇ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

၂။ သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းလာသည့် လျှောက်လွှာများကို လုံးဝ (လုံးဝ) လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ website https://www.mol.gov.mm နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website https://www.ssb.gov.mm တို့ တွင် လေ့လာနိုင်ပြီး ဖုန်း ၀၆၇-၃၄၁၇၉၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ မြေတိုင်းအမှတ် (၁၅E)၊ မြေကွက်အမှတ် (၄၄c)၊ မြေဧရိယာ(၀ဒသမ၀၂၇၅) ဧကရှိမြေအား ဒေါ်ဇင်ဇင်အောင် မှ သက်တမ်းတိုး/အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဒေါ်ဇင်ဇင်အောင် မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ မြေတိုင်းအမှတ် (၁၅E)၊ မြေကွက်အမှတ် (၄၈ခ)၊ မြေဧရိယာ(၀ဒသမ၀၆၈)ဧကရှိ မြေအား ဒေါ်သန်းသန်းဌေး မှ သက်တမ်းတိုး/အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဒေါ်သန်းသန်းဌေး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ် (၁၂)ရပ်ကွက်၊ အောင်ပွင့်ဖြိုးလမ်း၊ အမှတ်(၁၂/၇၁၃)တွင် နေထိုင်သော Yudie Irawan ၏ သမီး ဆယ်ဖီရာ ဂရေစ့်အီရာဝမ်(ခ) မြသွေးသန္တာ၏ ဖခင်အမည်မှန်မှာ Yudie Irawan ဖြစ်ပါကြောင်း နှင့် မွေးသက္ကရာဇ်အမှန်မှာ (၁၅-၉-၂၀၂၃) ဖြစ်ပါကြောင်း။

**Yudie Irawan**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ ရန်ကင်း (၂)လမ်း၊ ကွင်းအမှတ်-၉၈၈ က၂၊ သာယာကုန်းကွင်း၊ ဦးပိုင်အမှတ်-(၈၉/၁၅/က)၊ ဧရိယာ(၀.၀၃)ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်တို့ကို လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ထွန်းစိုး (၉/နထက(နိုင်)၁၄၉၅၃၅) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူမည်သူမဆိုသည် ပိုင်ဆိုင်မှုဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၉)**
**အမှတ်(၄၂)၊ သီတာအေး(၇)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့၊**
**ဖုန်း - ၀၉-၇၉၅၄၇၅၈၇၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ မာန်ပြေ (၁၈) လမ်းအနောက်၊ အမှတ်(၁၆) နေ ဒေါ်သစ်သစ် (၇/ညလပ(နိုင်)၀၉၅၄၆၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ (၃)လမ်း၊ အမှတ် (၉၂၀/ခ)၊ အခန်းအမှတ်(၂)၊ ပထမထပ်၊ အကျယ်အဝန်း (အလျား ၁၈ ပေ x အနံ ၅၄ ပေ) ရှိ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်မိုးမိုးဝင်း (၁၂/သကတ (နိုင်) ၁၅၉၅၅၇) ထံမှ ဒေါ်သစ်သစ် က (၁၇-၁၀-၂၀၂၆) ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ် စရန်ပေးငွေ ကတိစာချုပ်ချုပ်ဆို၍ စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်း၏ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများအနေဖြင့် ဤသတင်းစာကြော်ငြာပါပြီး (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၇၈/၁၆)**
**အမှတ်-၅၆၅၊ ပထမထပ်၊ (MAC Tower)ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၂၆၄၂၄၃၂၉၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရွှေဘိုခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅

ဒေါ်လှသဇင်ဖြိုး **နှင့်** ဦးရဲဌေး
**တရားလို** **တရားပြိုင်**

ရွှေဘိုမြို့၊ ဘိုကုန်းရပ်၊ အမှတ်(၃)ရပ်ကွက်နေ ဦးရဲဌေး (ဘ)ဦးမင်းစန်ရှင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လှသဇင်ဖြိုးက အိမ်ဝင်းမြေအရောင်းအဝယ် စာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ၏လက်ဝယ်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တေဇာဝင်း)**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့၊ မြို့မ(၄) ရပ်ကွက်၊ ဆိုင်းတန်းနယ်မြေနေ (ဘ)ဦးစံတင် ၏ သမီး ဒေါ်ငြိမ်းတင် (ခ) ဒေါ်ညိန်းတင် (ခ) ဒေါ်ညိမ်းတင် ၉/မထလ(နိုင်) ၀၂၀၂၀၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ဒဟတ္တန်းကျေးရွာ၊ မူလွန်ကျောင်း Grade-7 မှ မောင်ဇင်မျိုးဟိန်းနှင့် Grade-4 မှ မမြတ်သီရိခိုင် တို့၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝင်းနိုင် (ခ) ဦးဝင်းနိုင် ၉/မလန(နိုင်) ၀၉၀၀၂၁ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိန်ဝင်းနိုင်(ခ)ဦးဝင်းနိုင်**

## အများသိစေရန် အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ မေတ္တာ(၁) လမ်း၊ အိမ်အမှတ်(၄/၀၅၃၆)နေ မှတ်ပုံတင်အမှတ်- ၁/မဂတ(နိုင်)၀၆၉၁၂၅ ကိုင်ဆောင်သူ ဦးထက်လင်းအောင် "လင်းမောင်လျှပ်စစ်ပစ္စည်းအရောင်းဆိုင်" ၏ လုပ်ငန်းပိုင်ရှင်ဖြစ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာလိုက်သည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးထက်လင်းအောင်သည် လူမှုပတ်ဝန်းကျင်တွင် ကောင်းမွန်သော ဂုဏ်သတင်းဖြင့် ရောင်းဝယ်ဖောက်ကားလျက် နေထိုင်သူဖြစ်ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေသည် အခြားသူတစ်ဦးဦးထံမှ မည်သည့်ငွေကြေးမျှ ချေးယူထားခြင်း ဆိုးစဉ်မျှမရှိပါ။ သို့သော်လည်း ၎င်း၏ အမည်ကို အသုံးပြု၍ အရှက်တကွဲအကျိုးနည်းဖြစ်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ ငွေကြေးချေးယူထားခြင်းများ ရည်ရွယ်ချက်ရှိရှိပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။ ထိုသို့သော အကြောင်းခြင်းရာများရှိနေပါသဖြင့် အဆိုပါ ၎င်း၏အမည်ကို အသုံးပြု၍ ချေးယူထားသော ကြွေးမြီးများနှင့်ပတ်သက်၍ ၎င်းနှင့် လုံးဝ(လုံးဝ) သက်ဆိုင်မှုမရှိကြောင်း အတိအလင်းအသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ မိတ်ဆွေဦးထက်အောင်လင်းနှင့် ၎င်း၏လုပ်ငန်း "လင်းမောင်လျှပ်စစ်ပစ္စည်းအရောင်းဆိုင်"အား ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန်၊ မိတ်ဆွေများအကြား ထင်ယောင်ထင်မှားဖြစ်စေရန်၊ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများမှဖြစ်စေ၊ ပတ်ဝန်းကျင်တွင် ဖြစ်စေ၊ မဟုတ်မမှန်သော သတင်းများကို နှုတ်ဖြင့်စွပ်စွဲပြောဆိုခြင်း၊ စာဖြင့်ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်နှောင့်ယှက်ခြင်းတို့ကို မည်သို့သော အကြောင်းကြောင်းကြောင့်နှင့်မျှ ထပ်မံမပြုလုပ်ကြရန် အတိအလင်းသတိပေးတားမြစ်အပ်ပါသည်။ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းသက်သက်ဝေ(အထက်တန်းရှေ့နေ) (စဉ် - ၅၄၂၂၄/၂၄-၁-၂၀၂၁)**
**အမှတ်(၄/၅၀)၊ စိန်ပန်းလမ်း၊ အမှတ်(၁)ရပ်ကွက်၊ မြဝတီမြို့၊**
**ဖုန်း- ၀၉-၇၇၇၁၀၇၅၅၅**

## အများသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဘုန်းစိုးရပ်၊ စေတနာလမ်း၊ နယ်မြေ(၄)အတွင်းရှိ အရှေ့လားသော် ဒေါ်စန္ဒာ၏ နေအိမ်၊ အနောက်လားသော် ဒေါ်မင်းမင်းသန်း၏ နေအိမ် ၊ တောင်လမ်းသော် စေတနာလမ်း၊ မြောက်လားသော် ဘုန်းစိုးရေကန်၊ အိမ်အမှတ် (၆၄) (၁၇.၅ ပေ x ၃၅ ပေ) ပိုင်ဆိုင်သည့် ဝင်းမြေကွက်နှင့် သွပ်မိုး၊ ထရံကာ နှစ်ထပ်နေအိမ် အဆောက်အအုံတစ်လုံးမှာ (ဦးတင်အောင်+ဒေါ်တင်လှ) တို့၏သား ဦးမျိုးထွန်းအောင် နှင့် ဦးမျိုးအောင်တို့မှာ ကွယ်လွန်သွားပါသဖြင့် ဦးဝင်းနိုင် ၅/မရန(နိုင်)၁၃၄၁၆၄ တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဦးဝင်းနိုင် ၅/မရန(နိုင်)၁၃၄၁၆၄**
**စေတနာလမ်း၊ နယ်မြေ(၆)၊ ဘုန်းစိုးရပ်၊ မုံရွာမြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ
## အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့၊ (၁၅)ရပ်ကွက်၊ အကွက်အမှတ်-(၆-က)၊ အကွက်အမည်-လမ်းမကျယ်၊ ဦးပိုင်အမှတ် - (၃၀)၊ ဧရိယာ (၀.၁၃၂)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်(၂၉-ခ)၊
(ခ) အနောက်လားသော် - ဦးပိုင်(၁၀-ဈ+၃၁)၊
(ဂ) တောင်လားသော် - နံပါတ်(၁၁)လမ်း၊
(ဃ) မြောက်လားသော် - ဦးပိုင်(၂၆-ခ)၊

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးပရင်းကူးမားမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့် တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်မြေရောင်းချခဲ့သည့် မိဘများထံမှ ဝယ်ယူခဲ့သူ မအိအိလှိုင် (၁၀/မဒန(နိုင်)၀၀၄၆၀၃) အား လယ်မြေအမည်ပေါက် လွှဲပြောင်းပေးနိုင်ရန် ကွယ်လွန်သူမိဘများကိုယ်စား ကျန်ရစ်သူသားသမီး (၂) ယောက်မှ တရားရုံးတော်တွင် အမွေဆက်ခံခွင့် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း ကန့်ကွက်မည့်သူရှိပါကကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာအပ်ပါသည်-

**အမည်ပေါက်လွှဲပြောင်းမည့်တည့်နေရာ -**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရေတလဘောင်ကျေးရွာ၊ ကွင်းအမှတ် (၄၉၉)၊ ကွင်းအမည်- အလယ်ဘောရိုးကွင်း၊ ဦးပိုင်အမှတ် (၃၃)နှင့် (၁၃/က)၊ ဧရိယာ (၃.၈၆) ဧကနှင့် (၁၃.၉၅)ဧကရှိ လယ်မြေ။

**ဦးဖေလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လင်းလင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၃၅)**
**Ph:09-965391939, 09-763738765**

## ဦးစန်းအောင်ထွန်း (၉/မရမ(နိုင်)၀၆၇၈၉၆)အား ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းပါကြောင်း ဦးစန်းအောင်ထွန်းနှင့် အများသိရှိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ အမှတ်(၃) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် - ၁၉၈၅ (ကျောက်ကြီးကွင်း) ဦးပိုင်အမှတ် N - ၄၁၊ ဧရိယာ (၃.၅၉) ဧက၊ ကွင်း/အကွက်အမှတ်နှင့်အမည် - ၁၉၈၆ (ငဆော်ကွင်း) ဦးပိုင်အမှတ် ၅၁၊ ဧရိယာ (၀.၆၈) ဧက၊ ဦးပိုင်အမှတ် ၅၂၊ ဧရိယာ (၀.၆၆) ဧက၊ ဦးပိုင်အမှတ် (၅၃)၊ ဧရိယာ (၀.၁၆) ဧက၊ ဦးပိုင်အမှတ် - (၅၄)၊ ဧရိယာ (၀.၂၆) ဧက၊ ဦးပိုင်အမှတ် - N - ၉၉၊ ဧရိယာ (၇.၈၉) ဧက စုစုပေါင်း ဧရိယာ (၁၃.၂၄) ဧက အကျယ်ရှိ ဦးတေဇအမည်ပေါက် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် အခြားနည်းအသုံးပြုခွင့်ရရှိထားသည့် မြေကွက်များနှင့်ယင်းမြေကွက်များပေါ်၌ လုပ်ကိုင်လျက်ရှိသော Myanmar Treasure Hotel အဆောက်အအုံများ ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်အတွက် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးတေဇ (၁၂/ကမရ(နိုင်)၀၂၈၀၉၀)က ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ် (၁၆) ဘိုလိန်းတွင် နေထိုင်သူ ဦးစန်းအောင်ထွန်း (၉/မရမ(နိုင်)၀၆၇၈၉၆)သို့ ရန်ကုန်တိုင်းဒေသကြီး၊ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၂၁-၄-၂၀၂၃) ရက်စွဲပါ စာချုပ်အမှတ် - ၇၁၁၇ ဖြင့် ပေးအပ်လွှဲပြောင်း ပေးထားခဲ့သော အထူးကိုယ်စားလှယ်လွှဲစာကိုယနေ့မှစ၍ လုံးဝရုပ်သိမ်းလိုက်ပါသည်။ ဦးစန်းအောင်ထွန်း၏ လက်ဝယ်တွင်ရှိနေသော အဆိုပါအထူးကိုယ်စားလွှဲစာမူရင်းကို လည်း ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ဦးတေဇထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးတင်မင်း တရားလွှတ်တော်ရှေ့နေ (စဉ် - ၃၃၇၆)**
**အမှတ် ၅၆၃၊ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/4571 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/11114, Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတိုးမြင့် ၇/သကန(နိုင်)၀၆၇၇၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/79070 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သုခ ၉/သပက(နိုင်)၀၉၂၁၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်နှင့်ပန်းတောင်းမြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး/ အသစ်ရရှိရေးအတွက် တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ချုပ်ဆိုထားသည့်စာချုပ်များဖြင့် လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်များ ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | မူလအမည်ပေါက်သူ | မြို့နယ်/ရပ်ကွက် | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်လှမြင့် | ဦးတင်မောင်လွင် | ပြည်/နဝဒေး | ၄၀၄A/တိုးချဲ့စက်မှုဇုန် | ၇၈၊၉၃ | ၀.၄၆၀ | ပြောင်း |
| ၂ | ဦးမောင်မောင်အေးချမ်း | - | ပန်းတောင်း/ရတနာပုံ | ၄၄/ပန်းခြံ | ၁၁ | ၀.၁၀၇ | သစ် |
| ၃ | ဒေါ်သိင်္ဂီလွင်၊ ဦးမင်းသူစိုး၊ ဒေါ်မေသင်းစိုး | | ပန်းတောင်း/မင်းရပ် | ၈၅/ဝန်လို | .../၁၃၀၆ | ၀.၁၆၁ | သစ် |
| ၄ | ဦးလှထွန်း | - | ပန်းတောင်း/ဝန်လို | ၈၅/ဝန်လို | ၁၁၀၅၊ ၁၁၃၃၊ ၁၁/၁၁၃၄ | ၀.၃၅၄ | သစ် |

**ကော်လိတ္တော်အရာရှိ၊ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ သံလွင်ရပ်ကွက်၊ အကွက်အမှတ်(မောသီရိတိုးချဲ့)၊ဦးပိုင်အမှတ် (၃၀၀)၊ ဧရိယာ(၀ဒသမ၀၆၉) ဧက၊ မြေငှားလိုင်စင် အမှုတွဲအမှတ် ၁၂၇-၅/၁၉၉၀-၁၉၉၁(ဘီ) ဦးဘကျော် ၁၃/လရန(နိုင်)၀၀၈၈၁၀ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဦးဘကျော်မှ စာချုပ်အမှတ် ၂၂၂I/၁၉၉၁ဖြင့် ဒေါ်အမာကြည် (အင်န်တီယူ-၀၇၆၉၃၂)သို့လည်းကောင်း၊ ဒေါ်အမာကြည် မှစာချုပ်အမှတ် ၄၄၂I/၁၉၉၄ဖြင့် ဦးလောဝူသို့လည်းကောင်း ရောင်းချပေးပြီးဖြစ်သဖြင့် ဦးလောဝူ အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း (၂၁) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်တင်ပြသူမရှိပါက ဦးလောဝူ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ် ကြောင်းကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ သံလွင်ရပ်ကွက်၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၁)၊ ဦးပိုင်အမှတ်(၈၁၀)၊ ဧရိယာ (၀ဒသမ၀၆၉)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၃၀၂-၅/၂၀၁၂-၂၀၁၃၊ ဦးဇော်လေး ၁၃/လရန(နိုင်)၀၂၂၉၄၇ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဦးဇော်လေးမှ စာချုပ်အမှတ်၃၄၇I/၂၀၂၆ဖြင့် ဦးဂျော်သျှိုင်းဦး၅/ခဥတ(နိုင်)၀၇၅၀၆၄ သို့ ရောင်းချပေးပြီးဖြစ်ပါသဖြင့် ဦးဂျော်သျှိုင်းဦး အမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း (၂၁)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးဂျော်သျှိုင်းဦး အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ သံလွင်ရပ်ကွက်၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၁)၊ ဦးပိုင်အမှတ်(၄၆၁)၊ ဧရိယာ (၀ဒသမ၀၆၉)ဧက၊ မြေငှားလိုင်စင်အမှုတွဲအမှတ် ၁၅-၅/၁၉၉၁-၁၉၉၂(ဘီ)၊ ဦးကျန်ကွေဟော့ ၁၃/လရန(နိုင်)၀၇၇၃၅၉ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဦးကျန်ကွေဟော့မှ စာချုပ်အမှတ် ၈၆၈I/၁၉၉၃ ဖြင့် ဒေါ်ယူတီး ၁၃/လရန(နိုင်)၀၆၀၈၃၂ သို့ရောင်းချပေးခဲ့ပြီး ဒေါ်ယူတီး ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးရှီးယွီးယော်၊၁၃/လရန(နိုင်)၀၆၀၇၇၄မှစာချုပ်အမှတ် ၂၉၈IV/၂၀၂၆ဖြင့် အမွေဆက်ခံပိုင်ဆိုင်ပြီး ဦးရှီးယွီးယော် အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးရှီးယွီးယော် အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက် အမှတ်(၄/ရွှေကြာပင်)ရှိ မြေကွက်အမှတ်(၂၅၃၁)၊ ဧရိယာ(၀.၀၈၂)ဧက၏ အမည်ပေါက် ဦးကျော်သိန်းနှင့် ဒေါ်သန်းသန်းဦး တို့အနက် ခင်ပွန်းဖြစ်သူ ဦးကျော်သိန်း ကွယ်လွန်သွားခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းဦး (ဘ) ဦးစောမောင်၊ ၉/ပမန(နိုင်)၁၁၀၈၂၁ မှ မြေပေးမိန့်၊ ဝန်ခံကတိပြုချက်၊ တရားရုံးကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၂၁၆၂/၂၀၂၆)၊ ကွယ်လွန်သွားသည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင် သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငွေချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၁နှင့်၅ )**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် –၂၇၇**

ဒေါ်တင်တင်ယု **နှင့်** ဦးခင်မောင်လတ်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀) ရပ်ကွက် ၊ အောင်သုခလမ်း၊ အမှတ်–၆၈၉နေ တရားပြိုင် ဦးခင်မောင်လတ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေ နှင့်ဖြစ်စေ ၊၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်(၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်၊ သို့တည်းမဟုတ် သင်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေ လွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းယုလွင်)**
**တွဲဖက်မြို့နယ် တရားသူကြီး(၁)**
**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/3588 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/51378 Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖွေးစုရှိန် ၅/ဟမလ(နိုင်)၀၉၃၀၇၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထား လာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁က၊စီတာပူတောင်)၊ ဦးပိုင်အမှတ်(၂၀၄)၊ မြေဧရိယာ(၀.၁၈၃)ဧကရှိမြေကွက်သည် မူလက ဒေါ်ခင်ဖြူဝင်းအမည်ဖြင့် (၃၀–၆–၂၀၂၀) ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၂၅–၅–၁၉၉၃) ရက်နေ့တွင် ဒေါ်ခင်ဖြူဝင်းထံမှ ဦးလဝေါလန္နံနော်က လည်းကောင်း၊ ဦးပိုင်(၂၀၄/ဃ)၊ မြေဧရိယာ(၀.၀၄၄)ဧကအပိုင်းကို (၅–၂–၂၀၀၃) ရက်တွင် ဦးလဝေါလန္နံနော်ထံမှ ဒေါ်လုနောင်က လည်းကောင်း နှစ်ဦးသဘောတူ ခြံမြေကွက်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်လုနောင် ၁/အဂယ(နိုင်)၀၀၃၃၁၅ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေး အတွက် (၁–၉–၂၀၂၆) ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၈၄၆/၂၀၂၆)ကို (၄–၉– ၂၀၂၆) ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၅၇၉/၂၀၂၆) ပြုဆိုတင်ပြလျက် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အထက (ခွဲ)၊ ကုန်းသောင် Grade–4 မှ မောင်အောင်ခန့်ညား ၏ မိခင်အမည်မှန်မှာ ဒေါ်အေးမြမွန် ၈/ရနခ(နိုင်)၁၁၄၀၉၀ ဖြစ်ပါကြောင်း။

**ဒေါ်အေးမြမွန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လေရှီးမြို့၊ အမှုထမ်းရပ်ကွက်နေ ၅/လရန(နိုင်)၀၀၃၅၈၄ ကိုင်ဆောင်သူ ဦးရိုခင်နှင့်ဦးရိုခင် သည် တစ်ဦးတည်းဖြစ်ပြီး၊ ၎င်း၏ သမီးဖြစ်သူ ၅/ခဥတ(နိုင်)၁၀၈၉၁၂ ကိုင်ဆောင်သူ မဆန်းလှရှီးနှင့် မစန်းလှရှီးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ငွေချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ–၂၀)**
**မဟာအောင်မြေခရိုင်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၄၈**

ရေဝတီတောင်သူလယ်သမားများ **နှင့်** ဦးစောငြိမ်း
ဖွံ့ဖြိုးရေးဘဏ်အများနှင့်
သက်ဆိုင်သော ကုမ္ပဏီလီမိတက်
(၎င်း၏ကိုယ်စား ဦးအောင်ကျော်ဖြိုး)
**(တရားလို)** **(တရားပြိုင်)**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၅ လမ်း၊ ၃၂x၃၃လမ်းကြား၊ မြေတိုင်းရပ်ကွက်–၅၆၄၊ အောင်နန်းရိပ်သာအနောက်၊ မြေကွက်အမှတ် ၇၇(က) နေ ဦးစောငြိမ်း(ဘ)ဦးချင်မင်း(ခ)ကွာတင်သိန်း(ခ)မြင့်လွင် ၉/မရမ(နိုင်)၀၀၁၄၀၂ (ယခုလိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက “ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအပ်နှံ၍ ပေါင်နှံမှု၌ အပေါင်ပစ္စည်းအား တရားမကျင့်ထုံးဥပဒေအမိန့် –၃၄၊ နည်းဥပဒေ–၃အရ ရောင်းချပေးစေလိုမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ၊ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရတနာဖြိုးဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မဟာအောင်မြေခရိုင်တရားရုံး**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အထက(၅) Grade (10) မှ (ဘ) ဦးဝေယံဦး၏ သား မောင်ထွဋ်ဘုန်းခန့် အား ယနေ့မှစ၍ မောင်ဇွဲပြည့်ဖြိုးပိုင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7644၊ အမျိုးအမည် Sein Tun L/T (1) Ton (ST–03)၊ အမျိုးအစား Pickup(4x2) R၊ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဦး ၁၄/ဖပန(နိုင်)၀၂၀၄၈၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်ထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

# နိုင်ငံကျော် ဖွဲထက် စိန်ရွှေရတနာဆိုင်အား ပြန်လည်တောင်းပန်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကျွန်မ မသီတာအောင် (ဘ) ဦးစောအောင် (၅/ကသန(နိုင်)၁၀၆၂၆၂) ပြင်ဦးလွင်မြို့၊ သုံးထောင်ကျေးရွာ၊ ပန်းမြို့တော် (၃) လမ်းနေသူ Angel Queen Jewellery–2 (POL) အကောင့်ပိုင်ရှင်မှ ပြန်လည်တောင်းပန်ကြောင်း အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

၂။ ကျွန်မ Angel Queen Jewellery–2 (POL) အကောင့်ပိုင်ရှင်အနေဖြင့် လွန်ခဲ့သော ၂၆–၉–၂၀၂၆ ရက်တွင် နိုင်ငံကျော် ဖွဲထက် စိန်ရွှေရတနာဆိုင်အပေါ် ကျွန်မ၏ ညီမဝမ်းကွဲတော်စပ်သူ တစ်ဦးမှ ဝယ်ယူခဲ့သော စိန်ကြိုးပါးဘယက်မှာ အတုဖြစ်ကြောင်း၊ ရွှေတစ်မူးမျှ မပါကြောင်း၊ စိန်မှာလည်း အစစ်မဟုတ်ကြောင်း၊ ဖိနပ်တွင်တပ်ဆင်ထားသည့် စိန်လောက် အဆင့်အတန်းမရှိကြောင်း၊ နောင်လာနောက်သားများ သိရှိရန်၊ ဖွဲထက် ကတော့ No ထာဝရ No ပါဟု ရွှေဝယ်သည့် ဘောင်ချာအထောက်အထားကို သေချာမစိစစ်ဘဲ တဒင်္ဂစိတ်ခံစားချက်များအရ မှားယွင်းစွာ စွပ်စွဲပြောဆို Post တင်မိခဲ့ပါသည်။

၃။ ယခုအခါ သေချာစွာ စိစစ်လေ့လာခဲ့ရာ နိုင်ငံကျော် ဖွဲထက် ရွှေဆိုင်တွင် စိန်နှင့် ရွှေများမှာ အမှန်တကယ် စစ်မှန်ပြီး ဈေးနှုန်းမှာလည်း မှန်ကန်ကြောင်းသိရှိရပါသည်။ ကျွန်မ၏ မှားယွင်းစွာပြောဆိုခဲ့မှုအပေါ် နိုင်ငံကျော် ဖွဲထက် စိန်ရွှေရတနာဆိုင် အနေဖြင့် ဂုဏ်သိက္ခာ ထိခိုက်နစ်နာမှုများရှိခဲ့ကြောင်း သိရှိရပါသဖြင့် ကျွန်မမှ နိုင်ငံကျော် ဖွဲထက် စိန်ရွှေရတနာဆိုင်ပိုင်ရှင်၊ မိသားစုများ၊ ဖွဲထက် ရွှေဆိုင်ဝန်ထမ်းများအားလုံးကိုလည်း နားလည်ခွင့်လွှတ်ပေးပါရန် တရားဝင် တောင်းပန်အပ်ပါသည်။

၄။ နိုင်ငံကျော် ဖွဲထက် စိန်ရွှေရတနာဆိုင်ကြီး ဒီထက်မက အောင်မြင်တိုးတက်ပါစေကြောင်းနှင့် ကျွန်မအား နားလည်ခွင့်လွှတ်ပေးမှု အပေါ်တွင်လည်း ကျေးဇူးတင်ရှိပြီး နိုင်ငံကျော် ဖွဲထက်ရွှေဆိုင်အပေါ် မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း၊ Post တင်ရေးသားခြင်းများကို လုံးဝမပြုလုပ်တော့ပါဟု ကျွန်မ အနေဖြင့် ပြန်လည်တောင်းပန်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Angel Queen Jewellery–2(POL)**
**အကောင့်ပိုင်ရှင်**
**မသီတာအောင် (ဘ) ဦးစောအောင်**
**၅/ကသန (နိုင်) ၁၀၆၂၆၂**

## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

၂၁–၇–၂၀၂၆၊ မြန်မာ့အလင်း သတင်းစာ၊ စာမျက်နှာ–၂၂၊ အကွက် အ–၁၉၊ ဦးပိုင်–၁၄ ကြော်ငြာစာတွင် ဒေါ်ခင်ငွေး ၉/မရမ(နိုင်)၀၆၄၁၃၈ (၎င်း၏GPရရှိသူ ဒေါ်သီရိရွှေစင်) ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ချမ်းအေးသာစံမြို့နယ် အမက (၁၀) မှ မူလတန်းပြ ဒေါ်မထား(ခ) အီယန်းထား ၄/ဟခန(နိုင်) ၀၀၉၃၇၇ နှင့် ဒေါ်ထားမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မထား(ခ) အီယန်းထား(ခ)**
**ဒေါ်ထား**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၅/ရွှေမြင်းဝန်အကွက်) ဦးပိုင်အမှတ်(၅၆/ဈ)၊ ဧရိယာ(၀.၅၅၈)ဧကအား ဦးအောင်အောင်ထွန်း ၉/ခအဇ(နိုင်)၀၀၂၆၃၇ နှင့် ဒေါ်ဇင်မာဖြူ ၃/မဝတ(နိုင်) ၀၂၃၉၆၆ အမည်ဖြင့်နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး အဆိုပါ မြေငှားဂရန် မူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် (မိတ္တူမှန်)လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာ ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ကော်လီတွော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အောင်မင်္ဂလာ ရပ်ကွက်၊ နယ်မြေ(၂)၊ အကွက်အမှတ် (၅+၆+၇တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၉၈)၊ ဧရိယာ(၀.၀၄၇)ဧက၊ မြေငှားဂရန် အမှတ်တွဲ အမှတ် ၃၆၁–၅/၂၀၂၂–၂၀၂၃ (အေ) ဦးချီရှောက်ကူ ၁၃/သနန(နိုင်) ၀၁၈၆၉၉ အမည်ပေါက် မြေကွက်အား ဦးချီရှောက်ကူမှ စာချုပ်အမှတ် ၂၁၄၊/၂၀၂၆ ဒေါ်လောက်ကျွီ(ခ) ရှင်းကျီ ၁၃/ကလတ(နိုင်)၀၄၃၉၄၈ ထံသို့ရောင်းချပြီးဖြစ်၍ ဒေါ်လောက်ကျွီ(ခ)ရှင်းကျီ အမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာရာ လျှောက်ထားမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု တစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက် တင်ပြသူမရှိပါက ဒေါ်လောက်ကျွီ(ခ) ရှင်းကျီ၏ မြေငှားဂရန်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အာရုံတော် ရပ်ကွက်၊ အကွက်အမှတ်၊(၆၂–က တရုတ် ဘုရားကျောင်းကွက်)၊ ဦးပိုင် အမှတ်(၄၉/င)၊ ဧရိယာ(၀.၀၅၆) ဧက၊ မြေငှားဂရန် အမှုတွဲအမှတ် ၅၄၇–၅/၂၀၁၂–၂၀၁၃(အေ) ဒေါ်လူ ကျောင်းတီ ၁/မညန(နိုင်) ၀၉၂၅၆၉ အမည်ပေါက် မြေကွက်အား ဒေါ်လူ ကျောင်းတီမှ စာချုပ်အမှတ် ၁၉၊/ ၂၀၂၃ဖြင့် ဒေါ်အေးလင် ၁၃/သပန (နိုင်)၀၃၁၀၆၆ ထံသို့ ရောင်းချပြီး ဖြစ်၍ ဒေါ်အေးလင်အမည်ဖြင့် အမည် ပြောင်းလျှောက်ထားလာရာလျှောက် ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှု တစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူ များရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်းအထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်းကန့်ကွက် တင်ပြသူမရှိပါက ဒေါ်အေးလင်၏ မြေငှားဂရန်လျှောက် ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ ဥတ္တရသီရိမြောက်ရပ်)၊ မြေရေိယာ(၀.၁၅၅) ဧက၊ မြေကွက်အမှတ်(ဥ-၇၄၂၇)၊ ဒေါ်ချောစု ၉/မရမ(နိုင်) ၁၉၂၈၆၁ (ဘ) ဦးကြည်မန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ချောစု ၉/မရမ(နိုင်)၁၉၂၈၆၁ (ဘ) ဦးကြည်မန်း မှ ဒေါ်ဆုမွန်မောင်မောင် ၁၂/အစန(နိုင်) ၁၉၅၃၈၀ (ဘ) ဦးမောင်မောင်သန်း၏ အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဥတ္တရသီရိမြောက်ရပ်)၊မြေရေိယာ(၀.၂၂၉) ဧက၊ မြေကွက်အမှတ်(ဥ-၅၀၂၁) ဦးကျော်ငွေး (ဘ) ဦးအုန်းမောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးဇော်လင်းထိုက် ၉/မခန(နိုင်) ၁၆၂၆၉၇ (ဘ) ဦးအေးမောင်မှ နေပြည်တော် မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ( ၁၀၃၃/၂၀၂၃) (၁၉-၄-၂၀၂၃) တင်ပြ၍ ဒေါ်မိုးသန္တာအောင် ၁၁/ကဖန(နိုင်)၀၃၇၃၃၈ (ဘ) ဦးညီတင်၏ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ် ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊နည်းဥပဒေ-၂၀)
## သန်လျင်မြို့နယ်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၂

| | | |
|---|---|---|
| ဟာနာမိုက်ခရိုဖိုင်းနက်(စ်)လီမိတက် | **နှင့်** | ၁။ ဦးအုပ်စိုးထွေး |
| ၎င်း၏ကိုယ်စား ဦးမင်းခန့်ကျော် | | ၂။ ဒေါ်အေးအေးသင်း |
| လက်ထောက်မန်နေဂျာ(သန်လျင်ရုံးခွဲ) | | |
| **(တရားလို )** | | **( တရားပြိုင်များ )** |

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ (၁၁)လမ်း ၊ C Block အမှတ်(၃၀၁)၊ တိုက်အမှတ်(၃၁)တွင်နေထိုင်သူတရားပြိုင်များဖြစ်သော ဦးအုပ်စိုးထွေး၊ဒေါ်အေးအေးသင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဟာနာမိုက်ခရိုဖိုင်းနက်(စ်)လီမိတက်၊ ၎င်း၏ကိုယ်စား ဦးမင်းခန့်ကျော် လက်ထောက်မန်နေဂျာ(သန်လျင်ရုံးခွဲ) က "ချေးငွေအတိုးအရင်းပေါင်း ၈၈၅၉၉၀၀ိ/-ကျပ်နှင့် နစ်နာကြေးငွေ ၂၀၀၀၀၀ိ/-ကျပ် အပါအဝင် စုစုပေါင်းငွေကျပ် ၁၀၈၅၉၉၀၀ိ/-ကျပ်ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊အောက်တိုဘာလ ၂၉ ရက်၊ (၁၃၈၈-ခုနှစ်၊ သီတင်းကျွတ် လဆုတ် ၃ ရက်)မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားပြိုင်များမှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်နွေး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**သန်လျင်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အလတ်ချောင်းရွာမကြီးနေ၊ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင့်သူကျော် ၁၂/တတန(နိုင်)၂၁၁၈၈၀သည် (၁) ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အလတ်ချောင်းကျေးရွာ၊ အလယ်ရွာလမ်း အလျား ၃၀ပေ x၁၅ပေ ရှိ အိမ်ခြံမြေ။ (၂) ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အုပ်စု- RA-3၊ အကွက်အမှတ် တ-၀၂၊ မြေကွက်အမှတ်-၀၇၈၃၊ ဧရိယာ ၄၀ပေx ၆၀ပေ မြေကွက်။ (၃) ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အလတ်ချောင်းရွာမကြီး အရှေ့ပိုင်းလမ်း၊ အလျား၅၀ပေxအနံ၂၅ပေ မြေနှင့်အိမ်။ (၄) ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အလတ်ချောင်းရွာမကြီး၊ ရွာထိပ်လမ်း အလျား၄၅ပေx အနံ၁၅ပေ မြေနှင့်အိမ်။ (၅) ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အလတ်ချောင်းကျေးရွာ အရှေ့ပိုင်းလမ်း၊ အလျား၄၀ပေxအနံ၂၀ပေ မြေနှင့်အိမ်။ (၆) ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အလတ်ချောင်းကျေးရွာ အလျား၁၀ပေxအနံ ၄၀ပေ မြေနှင့် အိမ်။ (၇) ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အလတ်ချောင်းရွာမကြီး၊ အလတ်ချောင်းလမ်းအလျား၃၅ပေxအနံ၄၀ပေမြေနှင့်အိမ်။ (၈) တွံတေးမြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ကွင်း(၁၇)၊ ကွင်း အမည်ရွာသစ်၊ ဦးပိုင်အမှတ်၁/၉၊ ဧရိယာ(၄.၇၅)ဧကရှိလယ်မြေ။ (၉) ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အလတ်ချောင်းရွာမကြီး အနောက်ပိုင်းလမ်း၊ အကျယ်အဝန်း ၇၅ပေx၁၀၀ပေ ရှိ မြေနှင့် အိမ်အပါအဝင် အနောက်ဘက် စပါးကျီမြေကွက် ၃၀ပေx၅၀ပေတို့အား ဝယ်ယူပိုင်ဆိုင်လက်ရှိထား စီမံခန့်ခွဲလျက်ရှိရာ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင့်သူကျော် လက်ရှိထား စီမံမှုကို ထိပါးနှောက်ယှက်ခြင်း၊ အခွင့်အရေးတစ်စုံတစ်ရာတောင်းဆိုခြင်း၊ မမှန်မကန် ပြောဆိုကန့်ကွက်ခြင်း မပြုလုပ်ရန် အသိပေးတားမြစ်အပ်ပါသည်။ ပြုလုပ်ဆောင်ရွက် ခဲ့ပါက ဥပဒေနှင့်အညီ မလွှဲမရှောင်သာ အရေးယူ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင့်သူကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပွင့်ဖြူခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၅/၂၀၁၇)**
**အမှတ်-၅၃.၆လွှာ၊ ပိတောက်ပင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ဖုန်း- ၀၉-၄၂၃၇၂၈၂၂၅**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ယခု အထူးအယူခံမှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ချမှတ်သည့် စီရင်ချက်နှင့် ထုံးပုံကျအမိန့်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၁၉ အရ အထူးအယူခံ ဝင်ခွင့်ပေးပါမည့်အကြောင်း အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တင်သွင်းရာ မှတ်ပုံတင်စာရင်းတင်သွင်းပြီးဖြစ်ကြောင်းနှင့် သင်တို့ကိုယ်တိုင်ဖြစ်စေ သင်တို့၏ကိုယ်စား သင်တို့၏ တရားလွှတ်တော်ရှေ့နေကဖြစ်စေ (သို့မဟုတ်) သင်တို့အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာ လွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမတရားစီရင်ရေးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူးထံ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် ) နံနက်(၁၀:၀၀) နာရီတွင် ချိန်းဆိုပြီး ကြောင်း အကြောင်းကြားပါသည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ( ၁၄ )ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မေလတ်)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

---

## အများသိစေရန် ကြေညာခြင်း

**ရောဝတီတိုင်းဒေသကြီး၊ရေကြည်မြို့နယ်၊ ဗထူးရပ်ကွက်(၁၀)လမ်း၊ အမှတ်(၃၀၇) ရှိ( ၈၀ x ၆၀ ) ပေ အကျယ်ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားပိုင်ခွင့်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း**

ဖော်ပြပါအိမ်ခြံမြေကွက်အား လက်ဝယ်ထားရှိပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ဒေါ်မြင့်မြင့်အေး (ဘ) ဦးမြသန်း ၁၄/ ရကန(နိုင်)၀၀၀၄၁၆ မှ ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မျိုးမျိုးအိ ၁၂/ ဒပန(နိုင်)၀၄၆၅၂၆ က (၆– ၉ –၂၀၂၆ ) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ် ကတိစာချုပ် ချုပ်ဆို၍ အသိသက်သေများရှေ့တွင် ရောင်းဖိုးငွေကို အပြေအကျေ ပေးချေပြီး ဝယ်ယူခဲ့သဖြင့် ရောင်းချသူမှလည်း အိမ်ခြံမြေနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့်တကွ အိမ်ခြံမြေအား အပြီးအပိုင် လွှဲပြောင်း ပေးအပ်ခဲ့ပြီး ဖြစ်ပါသဖြင့် လက်ရောက် လက်ခံရယူခဲ့ပြီးလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ အိမ်ခြံမြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူထားရှိသူ ဒေါ်မျိုးမျိုးအိ သာ လျှင် စိတ်ကြိုက်စီမံခန့်ခွဲ ၊ တရားဝင်နေထိုင်ပိုင်ဆိုင် ၊ ပြင်ဆင်၊ လွှဲပြောင်းခွင့် အပြည့်အဝရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ ဒေါ်မျိုးမျိုးအိ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| **ဒေါ်မေသူခင်** | **ဦးစံမင်းအောင်(ဘိုကလေး)** |
|---|---|
| **LL.B, D.B.L, WIPO (Switzerland)** | **LL.B, D.B.L, WIPO (Switzerland)** |
| **အထက်တန်းရှေ့နေ (စဉ်–၅၇၅၁၁)** | **အထက်တန်းရှေ့နေ(စဉ်–၂၆၂၁၉)** |
| **အမှတ်(၃၇)၊သမိန်ဗရမ်းလမ်း၊** | **အမှတ်(၆၈)အနော်မာလမ်းမကြီးနှင့်** |
| **နတ်ချောင်းရပ်ကွက်၊** | **အနော်မာ(၂)လမ်းထောင့်** |
| **တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး** | **၁/အနော်မာရပ်ကွက်၊** |
| **ဖုန်း–၀၉–၄၃၁၃၉၅၅၃** | **သာကေတမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း–၀၉–၂၅၄၃၃၄၃၅၇၊** |
| | **၀၉–၆၉၉၉၉၀၉၉၄** |

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်း မြို့နယ်၊ ကန်ဘဲ့ ရပ်ကွက်၊ စိမ်းလဲ့မေရိပ်သာလမ်း၊ တိုက်အမှတ်(၁၉–ဘီ/၂)ဟုခေါ် တွင်သော မြေကွက်ပေါ်တွင် အခန်းပေး အခန်းယူစနစ်ဖြင့် ဆောက်လုပ်ထားသော Green Inya 2 Condo ၏ အခန်းအမှတ် (၈၀၁)၊ ၈–လွှာ/အေ၊ အကျယ်အဝန်း(Gross Area– 1910 Sqft, Net Area–1655 Sqft)ရှိ ကွန်ဒိုတိုက်ခန်းအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်တွမ်ရီချို ၁၃/မဆတ(နိုင်)၀၁၈၂၆၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမင်းသိမ်း ၁၃/နခတ(နိုင်)၀၄၈၁၆၆ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။ ၎င်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် – ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း– ၀၉–၅၁၈၃၅၆၉၊ ၀၉–၅၁၁၅၉၉၀၊**
**၀၉–၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးဇော်လင်းထွန်း (ဘ) ဦးထွန်းအောင်စံ၊ ၁၁/ကဖန(နိုင်)၀၆၅၆၄၁ ၏မိခင် ဒေါ်ခင်ကြည်နှင့် ဒေါ်မခင်ကြည်သည် အမည် (၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ထန်းတောကျေးရွာနေ (ဘ) ဦးမိုးကြည်၊ ၅/စကန(နိုင်)၂၉၄၁၂၃ နှင့် အမိ - ဒေါ်သဲစုထွေး ၅/စကန(နိုင်)၂၂၀၃၂၀ တို့၏သား စစ်ကိုင်းမြို့နယ်၊ ပါငါးဆယ်ကျေးရွာ၊ အထက(ခွဲ) ကျောင်း၊ Grade-(1)မှ မောင်တိမ်ထက်အောင်အား မောင်ထက်ယံ ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထက်ယံ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/23596 YUNDE 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကို ၅/အရတ(နိုင်)၀၅၃၄၆၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ - ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/51632 Canda Wave-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ထက် ၉/ကဆန(နိုင်) ၁၅၈၃၅၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/47145 Canda -125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဦး ၉/ပသက(နိုင်) ၁၂၁၄၅၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 39W/23596 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့ နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆၂

၁။ ဒေါ်မူမူဝင်း — နှင့် — ဦးမောင်မောင်
၂။ ဦးရဲနိုင်ထွန်း
**တရားလိုများ** — **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်( အ-၃/၂၂)၊ ၇၀ x ၇၁ လမ်းကြား၊ ၁၁၈ x ၁၁၉ လမ်းကြားနေ ဦးမောင်မောင် (ဘ) ဦးကျင်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မူမူဝင်းပါ-၂ က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၁၈)၊ ဦးပိုင်အမှတ် (၁၀၉)၊ ဧရိယာ (၀.၀၅၅) ဧက အကျယ်အဝန်းရှိ ဦးမောင်မောင် အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၆၂

**ကွယ်လွန်သူ ဦးလှမြိုင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဂျီကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလှမြိုင်၏ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၇၀-င/ဂျီကုန်း)၊ ဦးပိုင်အမှတ်(၉၈)၊ ဧရိယာ(၂.၈၀)ဧကရှိ လယ်မြေ၊ ၎င်းကွင်းပေါ်ရှိ ဦးပိုင်အမှတ် (၉၆/၃)၊ ဧရိယာ (၀.၄၂)ဧကရှိ လယ်မြေနှင့် ၎င်းကွင်းပေါ်ရှိ ဦးပိုင်အမှတ်(၉၅/၃)၊ ဧရိယာ(၈.၁၁) ဧကရှိ လယ်မြေများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဦးသိန်းစိုး ပါ-၂ တို့က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလှမြိုင် ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှု တွင်၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးသိန်းစိုး ပါ-၂ ဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သန်းစိန်)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၅၄

မခင်ဝင်းမော် — နှင့် — ကိုဖြိုးဝေနိုင်
**တရားလို** — **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် (ဗ-၁၂)၊ အိမ်အမှတ် (၄၉-ခ)၊ ၁၁၃(B)လမ်း၊ ၅၅x၅၆လမ်းကြား၊ မြရည်နန္ဒာရပ်ကွက်နေ ကိုဖြိုးဝေနိုင် (ဘ) ဦးကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို မခင်ဝင်းမော်က လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူဇာနွယ်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၀) အထက၊ Grade-10 မှ မောင်မင်းခန့်ဦး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးဇော်မင်း ၉/အမဇ(နိုင်)၀၂၂၁၁၁ ဖြစ်ပါကြောင်း။ **ဦးဇော်မင်း**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ )
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၆ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၅၄၅

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေး ဘဏ်လီမိတက် (ကမာရွတ်ဘဏ်ခွဲ) (၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ ဦးအောင်ကျော်ထွန်း) — နှင့် —
၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက် (၎င်းဘဏ်၏ ကိုယ်စားမန်နေဂျာ ဦးအောင်မိုး)
၂။ ဒေါ်မာလာမြင့်
၃။ ဦးစောအောင်
၄။ ဒေါ်ရီရီမြင့်
၅။ ကမ္ဘာ့ရတနာဘဏ်လီမိတက် (ယခု မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ်လီမိတက် (ယခင်) (၎င်း၏ ကိုယ်စားမန်နေဂျာ ဦးညီညီထွန်း)

**လျှောက်ထားသူ** — **လျှောက်ထားခံရသူများ**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် ၁၇၃/၂၀၂၅ ၏ ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်စွဲပါအမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်း မြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ခနအောင်လမ်း၊ အမှတ် - ၁၂၃ နေ လျှောက်ထားခံရသူ(၂) ဒေါ်မာလာမြင့်၊ (၃) ဦးစောအောင်၊ (၄) ဒေါ်ရီရီမြင့် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၏ အမိန့်မှ ပြင်ဆင်မှု လျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ယဉ်မေသိမ်း(ခ) မြတ်စုရည်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှု လျှောက်လွှာကို၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ ၁၀ ရက်( ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁ ရက် )နံနက် (၁၀) နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင်တို့အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်တို့မရှိ သည့် အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မေလတ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (စစ-၁၀)၊ ဦးပိုင် (၇၃)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် တပ်ကြပ်ကြီးမြင့်ဝင်း အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်အား တပ်ကြပ်ကြီးမြင့်ဝင်းထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်လှလှဝင်းက အဆိုပါမြေကွက်အား အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမည်ဆိုပါက အချိန်မရွေး လိုက်လံချုပ်ဆိုပေးမည်ဟု ဝန်ခံကတိပြုခဲ့ကြောင်း သိရှိရပါသည်။ ထို့ကြောင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးပေးရန် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ကို ဥပဒေနှင့်အညီဆောင်ရွက်တော့မည်ဖြစ်ကြောင်း တပ်ကြပ်ကြီးမြင့်ဝင်းနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးမျိုးခိုင် (LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၈၅)**
**ဖုန်း-၀၉ - ၄၀၂၇၂၈၉၆၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယခင်(ဈ)ရပ်ကွက်၊ ယခု(ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၃၄)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀. ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် တပ်ကြပ်ကြီးကိုကိုညွန့် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ တပ်ကြပ်ကြီးကိုကိုညွန့် ထံမှ အဆိုပါ ဂရန်မြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဦးလျှိုအန်ချင်က မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုမည်ဆိုပါက အချိန်မရွေး လိုက်လံချုပ်ဆိုပေးမည်ဟု ဝန်ခံကတိပြုခဲ့ကြောင်း၊ ထို့ကြောင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုးပေးရန် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း တပ်ကြပ်ကြီးကိုကိုညွန့် နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးမျိုးခိုင် (L.L.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၈၅)**
**ဖုန်း-၀၉ - ၄၀၂၇၂၈၉၆၃**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့ နယ်၊ ဝါးတန်းမြောက်ရပ်ကွက်၊ အမှတ် ဝမ (၁၆) နေ (ဘ) ဦးကျော်သန်း (ခ) ဦးကျော်သောင်း ၉/အမရ(နိုင်)၀၁၄၉၉၈ (အမိ) ဒေါ်ခင်မြလွင် ၉/အမရ(နိုင်) ၀၁၄၉၉၉ တို့၏ သမီးဖြစ်သူ မဇင်မီမီအောင် ၉/အမရ(နိုင်)၁၁၈၈၈၄ သည် မိဘများဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း မဇင်မီမီအောင်နှင့် အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**(ဘ) ဦးကျော်သန်း(ခ) ဦးကျော်သောင်း**
**(အမိ) ဒေါ်ခင်မြလွင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် - ၂၇

ကမ္ဘာ့ရတနာဘဏ် (မကွေးဘဏ်ခွဲ) (၎င်း၏ကိုယ်စား ဦးကျော်စွာဟိန်း ပျဉ်းမနားဘဏ်ခွဲ) — နှင့် —
၁။ ဒေါ်မြတ်စံပယ်ထွန်း
၂။ ဦးခင်မောင်အေး
၃။ ဒေါ်ရီရီမြင့် (၎င်း၏ ကိုယ်စားလှယ်စာရသူ ဦးဝင်းမောင်ဦး)
၄။ ဦးဖုန်းမြင့်ဇော်

**အယူခံတရားလို** — **အယူခံတရားပြိုင်များ**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၆၉၂ တွင်ချမှတ်သော ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်စွဲပါ စီရင်ချက်နှင့် ထုံးပုံကျအမိန့်ကို အထူးအယူခံတင်သွင်းမှု။

မကွေးမြို့၊ သိင်္ဂီရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၃၅)နေ အယူခံတရားပြိုင် (၁) ဒေါ်မြတ်စံပယ်ထွန်း၊ မကွေးမြို့၊ ရွာသစ် (၁၅) လမ်းနေ အယူခံတရားပြိုင် (၂) ဦးခင်မောင်အေး၊ မကွေးမြို့၊ ရွာသစ် - ၁၅ လမ်းနေ အယူခံတရားပြိုင် (၃) ဒေါ်ရီရီမြင့် (၎င်း၏ ကိုယ်စားလှယ်စာရသူ ဦးဝင်းမော်ဦး) (ယခုလိပ်စာမသိသူများ) သိစေရမည်။

ယခု အထူးအယူခံမှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ချမှတ်သည့် စီရင်ချက်နှင့် ထုံးပုံကျအမိန့်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၁၉ အရ အထူးအယူခံဝင်ခွင့်ပေးပါမည့်အကြောင်း အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တင်သွင်းရာ မှတ်ပုံတင်စာရင်းတင်သွင်းပြီးဖြစ်ကြောင်းနှင့် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ကိုယ်စား သင်တို့၏ တရားလွှတ်တော်ရှေ့နေကဖြစ်စေ (သို့မဟုတ်) သင်တို့အတွက် ဆောင်ရွက်ရန် တရားဥပဒေအရအာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမတရားစီရင်ရေးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးထံ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်(၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် ) နံနက်(၁၀:၀၀) နာရီတွင် ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မေလတ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပခုက္ကူမြို့နယ်၊ ရွှေတန့်တစ်ကျေးရွာနေ (ဘ) ဦးဌေးဝင်း၏သား ဦးစန်းညွန့်ဝင်း (၈/ပခက(နိုင်)၂၂၅၉၆၉)မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းတွင် ပါရှိသော ဦးစန်းညွန့်ဝင်းနှင့် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်တွင်ပါရှိသော ဦးဆန်းညွန့်ဝင်း တို့မှာ အမည်နှစ်မျိုးကွဲလွဲနေသောလည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။ **ဦးစန်းညွန့်ဝင်း (ခ) ဦးဆန်းညွန့်ဝင်း**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 11W/86394 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7R/9913 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်နေ၊ ဒေါ်မိုးမိုးအေး (ဘ) ဦးစိုးမြင့် (၈/ပဖန(နိုင်)၁၁၉၇၇၅) နှင့် ဦးကျော်မင်းလင်း (ခ) ဦးမင်းမင်း (ဘ) ဦးကျော်မောင် (၉/သစန(နိုင်)၁၁၇၂၉၈) တို့သည် (၂၉-၁၂-၂၀၂၃) ရက်ကတည်းက နှစ်ဖက်သက်သေများရှေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ကွာရှင်းပြတ်စဲသည့်နေ့မှစပြီး တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်မိုးမိုးအေး**
**ဆန်ဆိုင်း (ခ) ရပ်ကွက်၊**
**တာချီလိတ်မြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသောင်းထွန်း (LL.B) စဉ်- ၁၉၁၉၁**
**(တရားလွှတ်တော်ရှေ့နေ)**
**အကွက် (၅၂)၊ အိုးဘိုရွှေကျင်ရပ်ကွက်**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၇၇၀၄၄၄၃၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/11897 Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စိန် ၁၃/နခတ(နိုင်)၀၇၃၂၁၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ - ၃) ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/12562 Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးရှိုင်းအောင်လွင် ၉/ခအဇ(နိုင်) ၀၅၀၆၀၉ က မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ဒေါ်လှကြည် (မြိတ်မြို့)
### အသက် (၈၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ တံတိုင်းမွှေးလမ်း၊ အမှတ်(၇၅/၂)နေ (ဦးကဲမောင်-ဒေါ်အံကြူ)တို့၏သမီး (ဦးသန်းစိန်) ၏ ချစ်လှစွာသော ဇနီး၊ ဦးသန်းဇော်ဦး - ဒေါ်ဥမ္မာကို၊ ဦးသန်းလင်းဦး - ဒေါ်သက်နီမြင့်၊ ဦးဝင်းထွန်းနိုင် - ဒေါ်သိမ့်သိမ့်ဦး၊ ဦးအောင်ဇော်ဦး - ဒေါ်ဖြူဖြူဟန် တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး (၅) ယောက်တို့၏ အဘွားဒေါ်လှကြည် အသက် (၈၄) နှစ်သည် ၂၀-၁၀-၂၀၂၆ရက်(အင်္ဂါနေ့)ည(၁၁:၄၅) နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၄-၁၀-၂၀၂၆ ရက် (စနေနေ့) နံနက် (၁၁:၀၀) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် (၈:၃၀) နာရီတွင် ထွက်ခွာမည်ဖြစ်ပါသည်။) ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၂၆ ရက် (တနင်္လာနေ့) နံနက်(၇:၀၀) နာရီမှ (၁၁:၀၀)နာရီထိ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ကျန်ရစ်သူမိသားစုတို့က ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှကြည် (မြိတ်မြို့)
### အသက် (၈၄) နှစ်

သူငယ်ချင်း သန်းလင်းဦး-ဒေါ်သက်နီမြင့် တို့၏ကျေးဇူးရှင် မိခင်ကြီး ဒေါ်လှကြည် (အသက်-၈၄ နှစ်) သည် ၂၀-၁၀-၂၀၂၆ ရက် ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ (၂၂) မှသူငယ်ချင်းများ

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9S/7757 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက် ၊ နေသဒ္ဒီလမ်း၊ အမှတ်- ၃၄၊ မြေညီ(ခြေရင်းခန်း) တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် စွဲကပ်တည်ရှိသော ရေပန့်၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်ဖြိုးပိုင် ၁၂/မရက(နိုင်)၁၈၆၄၃၈ က တရားဝင်လက်ရှိပိုင်ဆိုင်ထားသူဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းအား ဦးကျော်ဖြိုးပိုင်ကသာ တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်သည့်အတွက် ၎င်းတစ်ဦးတည်းက ဖော်ပြပါ တိုက်ခန်းကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲပြောင်းနိုင်ခွင့်ရှိပြီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စီမံခန့်ခွဲခွင့်ရှိသူ တစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးကျော်ဖြိုးပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်အောင်ကြည် (ဥပဒေတွဲ)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၁/၂၀၁၇)
အမှတ် (၂၆၅)၊ ယုဇနလမ်း၊ ဇီးကုန်းကျေးရွာအုပ်စု၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉- ၉၇၁၄၃၃၄၁၆

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈၂)ရပ်ကွက်၊ မင်းရန်အောင် (၅)လမ်း၊ အမှတ်(၂၉/ခ)ဟုခေါ်သော ဦးတင့်အောင် အမည်ပေါက်(ဂရန်) အလျားပေ ၂၀xအနံပေ (၆၀) မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်လျက်ရှိသော ဦးတင့်အောင် (၁၂/ဥကမ(နိုင်)၀၂၅၈၁၆)မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသီခိုင် (၇/ကတန (နိုင်) ၀၀၀၀၄၀) က အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်မြသီခိုင် | ဦးအာကာဝင့်ဇော် ( L.L.B) |
| (၇/ကတန(နိုင်)၀၀၀၀၄၀) | စဉ်-၁၆၁၆၉ တရားလွှတ်တော်ရှေ့နေ |
| | က/၇၇၂၊ ခေမာသီလမ်းမကြီး၊ |
| | မြောက်ဥက္ကလာပမြို့နယ်၊ |
| | ဖုန်း - ၀၉၂၅၄၄၅၉၉၆ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းရပ်ကွက်၊ ရုံးပေါင်းစုံလမ်း၊ အမှတ်(၃၈)ဟုခေါ်တွင်သော ဒေါ်မြင့်မြင့်သန်း ၁၂/ကမတ (နိုင်) ၁၃၁၄၅၀အမည်ဖြင့် ပြောင်းလဲလျှောက်ထားသူ စလစ်မြေ အမည်ပေါက် အကျယ်အဝန်း အလျား ပေ(၅၀) x အနံ ပေ(၈၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ဒေါ်အေးသန္တာလွင် ၁၃/လရန(နိုင်)၁၀၄၃၉၅ အမည်ဖြင့် ဆက်စပ်စာချုပ်နှင့် ဝယ်ယူပိုင်ဆိုင်ထားသော အကွက်အမှတ်(၃၇)ဟုခေါ်တွင်သော အလျား ပေ(၈၀) x အနံ (၂၅)ပေ အတွင်းရှိ သစ်သားအိမ်၊ ကျောက်ပြားကာ၊ မီတာ၊ အဝီစိရေတွင်းရှိသော မြေအမျိုးအစား (စလစ်မြေ)ဟုခေါ်တွင်သော မြေကွက်(၂)ကွက်နှင့်တကွ ၎င်းမြေကွက်များပေါ်တွင် ဆက်စပ်ပတ်သက် တွယ်ကပ်ပါရှိသော မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးယခုအရောင်းအဝယ်ပြုလုပ်သည့် အချိန်အထိ အမွေစားအမွေခံမှစ၍ အရှုပ်အရှင်းကင်းရှင်းပြီး အရောင်းအဝယ်ပြုလုပ်နိုင်သည့် ပစ္စည်းအရပ်ရပ်တို့ဖြစ်ကြောင်း ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမူယာမင်း ၁၂/မဘန(နိုင်) ၁၁၆၉၆၃မှ ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စလစ်မူရင်းအပါအဝင် စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးမြင့်
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၀၁/၂၆-၃-၂၀၁၄)
အမှတ်(က/ထ-၁၂)၊ အောင်ချမ်းသာလမ်း၊ တိုးချဲ့(၄)ရပ်ကွက်၊ မှော်ဘီမြို့၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၈၂၀၁၇၃

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရတနာ (မြိတ်)
### အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၂)နေ (ဦးဟန်စိန်-ဒေါ်စိန်သင်)တို့၏သမီး၊ (ဦးစွမ်-ဒေါ်ဘုတ်)တို့၏သမီးချွေးမ၊ (ဦးလေးမြင့်) ၏ ဇနီး၊ ဦးကောင်းဇော်ညွန့်-ဒေါ်အက်(စ်)တာဝင်း၊ ဦးမြတ်မင်းဇော်၊ ဦးသီဟ နောင်-ဒေါ်ထက်ထက်နိုင်၊ ဒေါ်နှင်းနန္ဒာ-ဦးရဲမျိုးမင်း၊ ဒေါ်ဇင်သီရိဝင်း-ဦးထွန်းမင်းလှိုင် တို့၏ မိခင်၊ (ဦးကျင်တိတ်)-ဒေါ်ဟုန်ကြည်၊ (ဦးအင်ပို-ဒေါ်ရှင်ဝေ)၊ (ဦးပုကြည်)-ဒေါ်သန်းနု၊ (ဒေါ်အေးမူ)-ဦးဝင်းဟို၊ ဦးဝင်းမြင့်-ဒေါ်ကြူကြူ၊ ဝဏ္ဏကျော်ထင် ဦးငွေးမြင့် (ဥက္ကဋ္ဌ၊ မြိတ်မြို့နယ်အသင်း(ရန်ကုန်)-ဒေါ်အေးအေးမော်၊ ဦးကျင်တိုး-ဒေါ်သန်းသန်းယု၊ ဒေါ်ယုရှင်-ဦးစိုးဝင်းတို့၏ညီမ၊ မြေး ၉ ယောက်တို့၏ အဘွားသည် ၂၀-၁၀-၂၀၂၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၂၆ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန် ခန်းမဆောင်သစ်မှ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
### အင်းစိန်ခရိုင်တရားရုံး
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၁

| | | |
|---|---|---|
| TRUST BON COMPANY LIMITED | နှင့် | ၁။ ဦးစောဘလိုင်း |
| (ကိုယ်စားဒါရိုက်တာဦးကျော်ဇော်လင်း ) | | ၂။ ဦးလှကြိုင် |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၂၀) (ယခုနေရပ်လိပ်စာမသိ) အမှတ်(၂)တရားပြိုင် ဦးလှကြိုင် သိရှိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု" စွဲဆိုထားချက်ရှိ သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်၊ ရုံးတော်၏အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင် သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၉)ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လကွယ်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေး လိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသော စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၂၀)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းရဲသူ)
ဒုတိယခရိုင်တရားသူကြီး(၄)
အင်းစိန်ခရိုင်တရားရုံး

## ပတ်စ်ပို့စ်ပျောက်

(ဘ) ဦးမောင်လှ၏ သမီးဖြစ်သူ ကျွန်မ ဒေါ်ချိုချိုနိုင် ၃/ကကရ(နိုင်) ၀၀၃၁၁၃ ၏ နိုင်ငံကူးလက်မှတ် ME484185 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်

ဆက်သွယ်ရန်
Ph-09-662691664

## အမည်မှန်

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ အထက ကင်မွန်းချုံမှ အထက်တန်းပြဆရာမ အမည်မှန်မှာ ဒေါ်နန်းယဉ်နှင်းစိုး ၇/ထတပ(နိုင်)၀၄၅၇၃၇ ဖြစ်ပါကြောင်း။

ဒေါ်နန်းယဉ်နှင်းစိုး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁က၊ စီတာပူတောင်)၊ ဦးပိုင်အမှတ်(၁၂၃)၊ မြေဧရိယာ(ဝ ၁ ၁ မ၁ ၈ ၃)ကေရှိမြေကွက်သည် မူလက ဦးသိန်းမြိုင် အမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၂၈-၉-၁၉၉၈)ရက်တွင် ဦးသိန်းမြိုင်ထံမှ ဒေါ်နဲမ်ရာက နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးပိုင် (၁၂၃/ခ)၊ မြေဧရိယာ (ဝ ၁ ၁ မ၀၉၂)ကေအပိုင်းကို (၁၅-၆-၂၀၀၃)ရက်တွင် ဒေါ်နဲ(မ်)ရာမှ ဒေါ်လရှမ်းဂျီးခေါ်နန်အမည်သို့ ရောင်းချခဲ့ပြီး၊ ကျန်ရှိသည့် ဦးပိုင်(၁၂၃/က)၊ မြေဧရိယာ(၀ ၁ ၁ မ၀၉၁)ကေ အပိုင်းကို ဒေါ်နဲ(မ်)ရာ ၁/မကတ(နိုင်)၀၄၉၅၈၂ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ် ရရှိရေးအတွက် (၁-၉-၂၀၂၆)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၈၄၄/၂၀၂၆)ကို (၄-၉-၂၀၂၆)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၅၈၂/၂၀၂၆)ပြုဆိုတင်ပြလျက် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လပွတ္တာမြို့ ၊ အမှတ်(၅)ရပ်ကွက်၊ အောင်သုခလမ်း၊ အိမ်အမှတ်(၃၁၀)နေ (ဘ) ဦးကျော်ဆွေ ၁၄/လပတ(နိုင်)၀၉၆၆၄၁ (မိ) ဒေါ်ညွန့်ရီ ၁၄/လပတ(နိုင်)၁၄၉၀၅၆ တို့၏ သားဖြစ်သူ မောင်စည်သူ ၁၄/လပတ(နိုင်)၁၄၉၄၉၄ သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းများကြောင့် သားအဖြစ်မှ အပြီးတိုင် အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ယနေ့မှစ၍ လုံးဝ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မိဘများ-ဦးကျော်ဆွေ-ဒေါ်ညွန့်ရီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇၅

| | | |
|---|---|---|
| ဒေါ်ဝင်းဝင်းခိုင် | နှင့် | ဦးချစ်ပြည့် |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၅)၊ ဦးပိုင်အမှတ်(၇)၊ ၄၉x၅၀ လမ်းကြား၊ ၁၁၅x၁၁၆ လမ်းကြားနေ ဦးချစ်ပြည့် (ဘ) ဦးမောင်ကို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းဝင်းခိုင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၂)၊ ဦးပိုင်အမှတ်(၅-ခ)၊ ဧရိယာ(၀.၁၁၄) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်ကတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းလဲ့ရည်စိုးဦး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/2831 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံ)

## အများသိရှိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးမြင့်(ဘ)ဦးချောင်းပိန် (၇/တငန(နိုင်)၀၇၁၉၀၅) တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၆၁၉) နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးမြင့်နှင့်မိသားစုသည် ၎င်းနေထိုင်သည့် ပတ်ဝန်းကျင်နှင့် စီးပွားရေးနယ်ပယ်တွင် နာမည်ပျက်(လုံးဝ) မရှိဘဲကောင်းမွန်သောဂုဏ်သတင်းများဖြင့် နေထိုင်ကြသူများဖြစ်ကြပါသည်။ ဦးစိုးမြင့်နှင့်၎င်း၏မိသားစုအပေါ် ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ၎င်းနေထိုင်သည့် ပတ်ဝန်းကျင်နှင့် စီးပွားရေးနယ်ပယ်များတွင်လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာဖြစ်သော (Facebook,TikTok)အစရှိသည့် Social Media များတွင် ဂုဏ်သိက္ခာ ထိခိုက်နစ်နာ ကျဆင်းစေသည့်ရေးသားဖော်ပြခြင်း၊ဖြန့်ဝေခြင်း၊မျှဝေခြင်းများ ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ နောက်နောင် ကျွန်ုပ်၏မိတ်ဆွေနှင့် မိသားစု အပေါ်ဂုဏ်သိက္ခာထိခိုက်နစ်နာစေရန် မည်သည့်ပြုလုပ်မှုကိုမဆို မဟုတ်မမှန် အသရေပျက်စေရန် ရည်ရွယ်ချက်ဖြင့် ရေးသားဖြန့်ဝေခြင်းများမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်စိုးဟန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၉၉/၁၇)
(၂၂/၁၅၆)ဗညားဒလလမ်း၊ တောင်ငူမြို့၊ ဖုန်း-၀၉-၆၉၁၄၇၄၇၇၁

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၈၂)ရပ်ကွက်၊ မုဒိတာ(၁)လမ်း မြေကွက်အမှတ် (၂၀၂)ရှိ အကျယ်အဝန်း အလျား ပေ(၄၀)xအနံပေ(၆၀)၊ ဧရိယာ စတုရန်းပေ(၂၄၀၀)ရှိ ဦးရန်နိုင် (၁၂/မဂဒ (နိုင်)၀၂၀၈၀၁) အမည်ပေါက်၊ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဦးနေလင်း (၁၂/ဒဂတ(နိုင်)၀၉၃၄၄၄) ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးဝင်းနိုင် (၁၂/သဃက(နိုင်)၀၇၃၈၂၁)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများ အနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများ ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, D.I.L, WIPO DL-101 Switzerland)
အထက်တန်းရှေ့နေ (စဉ်-၅၂၀၇၃)
အမှတ် (၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ဖုန်း - ၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅

### အများသိစေရန်ကြေညာချက်

တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ်(၁၀၅၁/က+၁၀၅၁/ခ)တွင် ၂ ခန်းတွဲ (၈)ထပ်တိုက် (Slab Roof) (Lift ၁စီးပါ) (လူနေရန်၊ အခန်းပေါင်း ၁၆ခန်း) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေရှင်များ ဦးစန်းတင်၊ဒေါ်စန်းစန်းကြည်၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးတင်မောင်စိုး (RSE-1070)နှင့် လိုင်စင်ရကန်ထရိုက်တာ ဦးသိန်းငွေ(LC-371)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ၉-၁၀-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ BP1-12359-BP3-4251 ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါအဆောက်အဦဆောက်လုပ်ခွင့်အား မူလခွင့်ပြုလိုင်စင်ရကန်ထရိုက်တာ ဦးသိန်းငွေ (LC-371)မှာ ကွယ်လွန်သွားပါသဖြင့် ဦးသိန်းထွန်း (LC-42)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်များနှင့်ပြောင်းလဲဆောင်ရွက်မည့်လိုင်စင်ရကန်ထရိုက်တာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အ.လ.က(ခွဲ)ထုံးဖိုမှ အလယ်တန်းပြ ဒေါ်မိုးမိုးအောင် (၁၃/တကန(နိုင်)၀၉၄၂၅၀) ၏ဖခင် ဦးမြ(ခ) ဦးအောင်မြ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အ.ထ.က (၁) အေးသာယာ(စက်၊ စိုက်၊ မွေး) Grade-12 မှ မအိန္ဒြာစိုး ၏ ဖခင်အမည်မှန်မှာ ဦးသန်းစိုး (၅/ဘတလ(နိုင်)၀၅၃၈၀၄) ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အ.ထ.က (၁) အေးသာယာ (စက်၊ စိုက်၊ မွေး) Grade-12 မှ မအိန္ဒြာစိုး ၏ မိခင်အမည်မှန်မှာ ဒေါ်မြမြဝင်း (၉/မထလ(နိုင်)၀၇၄၀၂၉) ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/71174, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသီဟအောင် (၉/ပသက (နိုင်)၁၀၁၄၀၆) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 38W/ 17307 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3S/3926 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/60372, Honda C90 Custom CMN ယာဉ်အမည်ပေါက်ရှိသူ ဦးချိုဝင်း(ခ)ဦးခင်မောင် ၉/အမရ(နိုင်) ၀၀၉၂၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# M League 2026 U20 ပြိုင်ပွဲ ISPE အသင်း ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၁**

M League 2026 U20 အမှတ်ပေးဘောလုံးပြိုင်ပွဲ အပတ်စဉ် (၂၀) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်း၊ ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ အနိုင်ရရှိခဲ့သည်။

ဗဟန်းကွင်း၌ ISPE FC အသင်းက ချင်းလန်းအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်ခဲ့သည်။ ISPE အသင်းအတွက်

*စာမျက်နှာ ၁၃ ကော်လံ ၁* ❑



မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားစဉ်။

## တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ၁၃၅၀၀၀၀ ကျပ် သတ်မှတ်

**အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်**

**ကြေညာချက်အမှတ် (၁/၂၀၂၆)**

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်

၁။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်စေရေး စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် ၁၄ % ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ၁၃၅၀၀၀၀ ကျပ် သတ်မှတ်လိုက်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❖

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်တွင် ဇွဲကပင်နှင့် Young Lionesses အသင်း သရေကျ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ အပတ်စဉ် (၁၀) နောက်ဆုံးပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီခွဲက ပဒုံမာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားအဆင့် (၈)နေရာမှ ဇွဲကပင်ယူနိုက်တက်အသင်းနှင့် အဆင့် (၉) နေရာမှ Young Lionesses အသင်းတို့ တွေ့ဆုံခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ပွဲကစားချိန် ၇၅ မိနစ်တွင် Young Lionesses အသင်းအတွက် နန်ခမ်းဟွမ်က ဦးဆောင်ဂိုး စတင်သွင်းယူပေးခဲ့သည်။ ပွဲပြီးခါနီး ၈၉ မိနစ်တွင် ဇွဲကပင်ယူနိုက်တက်အသင်းအတွက် ဘယ်လင်ဒါအိုဖိုရီက ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် ပွဲအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျကာ ရမှတ်ခွဲယူခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၄* ◆



ဇွဲကပင်ယူနိုက်တက်နှင့် Young Lionesses အသင်း ယှဉ်ပြိုင်ကစားစဉ်။

# AFC Challenge League ပြိုင်ပွဲ ရှမ်းယူနိုက်တက်အသင်း ကာဆူကာအသင်းကို နှစ်ဂိုးပြတ်ဖြင့်နိုင်



**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် AFC Challenge League 2026-2027 အုပ်စု(E) ဒုတိယပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် ရှမ်းယူနိုက်တက်အသင်းက ဘရူနိုင်းကလပ် ကာဆူကာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အိမ်ရှင် ရှမ်းယူနိုက်တက်အသင်းသည် ပြိုင်ပွဲတစ်လျှောက် အချိတ်အဆက်မိမိဖြင့် ကစားနိုင်ခဲ့ပြီး ပွဲချိန် ၃၄ မိနစ်တွင် သက်ဝေမိုး၏ ထောင့်ကန်ဘောမှတစ်ဆင့် ရော့ဒရီဂွက်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၄ မိနစ်တွင် အက်ဒ်ဆန်ဂျူနီယာက ဒုတိယမြောက် ဦးဆောင်ဂိုးကို

*စာမျက်နှာ ၁၃ ကော်လံ ၁* ❍

# တပ်မတော်စစ်ကြောင်းများက လောင်းရှည်-လှိုင်ဒုတ်-ကျောင်ခွေးလမ်းကြောင်းတစ်ဝိုက် အခြေပြုလှုပ်ရှားလျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်း၊ လှိုင်ဒုတ်ကျေးရွာအား သိမ်းပိုက်ရရှိ၊ လမ်းကြောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၁**

တပ်မတော် စစ်ကြောင်းများက လောင်းရှည်-လှိုင်ဒုတ်-ကျောင်ခွေး လမ်းကြောင်းတစ်ဝိုက် အခြေပြု၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် AA အကြမ်းဖက်အဖွဲ့နှင့် CDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များအား တိုက်ထုတ်ချေမှုန်းပြီး အဆိုပါလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အဆိုပါလမ်းကြောင်းပေါ်ရှိ လှိုင်ဒုတ်ကျေးရွာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ●



တပ်မတော်စစ်ကြောင်းများက လောင်းရှည်-လှိုင်ဒုတ်-ကျောင်ခွေးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးကာ စစ်စခန်းအဖြစ်အသုံးပြု၍ ခိုအောင်းနေထိုင်နေသည့် ကျေးရွာများနှင့်စခန်းကုန်းနေရာများအား သိမ်းပိုက်ရရှိမှု နေရာပြမြေပုံ။

## ယနေ့ သတင်းအညွှန်း

လူမှုရေးပင်စင်အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း
ပြည်တွင်းသတင်း ◆ စာ ◆ ၁၅

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်
ပြည်တွင်းသတင်း ◆ စာ ◆ ၁၆